ဟဇ်ရသ် အတ်ကဲ်ဒတ်စ် မော်လာနာ
ရှားဟ် အဗ်ဒွလ်အဇီးဇ် رحمة الله عليه ၏

# نکاتِ عزیزیہ

# လေးနက်သော ဒါအ်ဝသ်ပေးမိတ်ခေါ်သံ


ပြန်ဆိုသူ

မော်လဝီ မုဟမ္မဒ်အဟ်စန်း(ခ) အောင်ကျော်ဦး (B.Sc., chem)

ပင်န် မော်လာနာ ကာရီ ဟာဖိဇ် မုဟမ္မဒ် အလီဟူစိုင်းန်

# မိတ်ဆက်

မေ့လျော့ပေါ့ဆမှုများနှင့် ပြဿနာပေါင်းစုံ ထွန်းကားလာတဲ့အခါ သမယမှာ ဟာဇ်ရသ်ရှားဟ် အဗ်ဒုလ်အဇီးဇ်ဆွာဟိဗ်က နစ်ဘာဝရဲ့ကျေးဇူးရှင် တမန်တော်ချုပ်၏ကျင့်စဉ်ကျင့်ရပ်များကို အရိုက်အရာ ဆက်ခံကာ လမ်းလွဲနေတဲ့ ကမ္ဘာ့လူသားကို မြင့်မြတ်လှသော ကိုယ်ကျင့်တရားဘက်သို့ ဖိတ်ခေါ်သူ ဒါအီဖြစ်ပါတယ်။

သခင်ကြီး၏ ဒအ်ဝသ်ပေးဖိတ်ခေါ်မှုဟာ အချိန်ကာလအရ ရာစုနှစ်နီးပါးရှိခဲ့ပါပြီ။ အဲဒီအချိန်မှစ၍ လမ်းလွဲမှုမှ လမ်းမှန်သို့ မေ့လျော့မှုမှ အသိ တရားရရှိလာခြင်းသို့၊ ပေါ့ဆမှုမှ သတိဝီရိယပြုလာခြင်းဘက်သို့ စတဲ့ အလွန်အကျပ်အတည်းခက်ခဲမှုကြားမှ တရားဒေသနာတော်ကို လွယ်လင့်တကူ ကျင့်သုံးလာနိုင်စေခဲ့ရာ ယနေ့ ကမ္ဘာနှင့်အဝှမ်း သဗ်လီးဂ် ဟူသောတရားဒေသနာ ပြန့်ပွားရေးဟာ ဒီရေအလား တိုးတက်အောင်မြင် လာခဲ့ပါတယ်။

ထို့ကြောင့် နေမင်းတစ်ဆူပမာ ဒီလုပ်ငန်းကို မသိနားမလည် မမြင်သူဟူ၍ မရှိသလောက်ပါ။ ထိုထိုသောကျေးဇူးတော်ကြောင့် ဒီစာအုပ်လေးကို "နိုကားသေ့ အဇီဇီယားဟ်" ဟု ဖော်ပြပါပုဂ္ဂိုလ်ထူး သူတော်စင်ရဲ့အမည်ဘက်သို့ ရည်ညွှန်းလျက် မှည့်ခဲ့ပါတယ်။

☆☆☆

# ကိုယ်ရေးသမိုင်းအကျဉ်း

သခင်ကြီးရဲ့ဘိုးဘွား၊ မွေးရပ်ဒေသက ဒေလီမြို့တော်ဖြစ်တယ်၊ မော်လာနာ ရှားဟ် မုဟမ္မဒ်ယာစီးန် နဂီနဝီ (ရဟ) ရဲ့ထူးချွန်သောခလီဖဟ် ဖြစ်ပါတယ်၊ အဆိုပါသူတော်စင်ဟာ (ကိုသုဗ်) ဝလီသူတော်စင်အဆင့် ရှိခဲ့ပြီး ဟဇ်ရသ်မော်လာနာ ရရှီးဒ်အဟ်မဒ် ဂန်ဂိုဟီ၏ ခလီဖဟ်ကြီးတစ်ပါး ဖြစ်တယ်၊ မိမိရဲ့ဆရာသခင် ပဲ့ပြင်ပေးသော ရှားဟ် နဂီနဝီထံ ကာလ အတန်ကြာတိုင်အောင် ပြုစုခစားခွင့်ရခဲ့ပါတယ်၊ အဲဒီခေတ်သမယမှာရှိ တဲ့ သာသနာ့သုခမိန်ကြီးများထံမှ ပညာရည်နို့စို့ခွင့်ရခဲ့ပါတယ်၊ သခင်ကြီး ကို အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံတို့မှာ သိဖို့ရာ မေးနေစရာပင်မလိုပေ၊ တရားဒေသနာတော်ပြန့်ပွားရေး ဖိတ်ခေါ်သူအဖြစ် အကျော်အမော်ဖြစ်ခဲ့ ရပါတယ်၊

သခင်ကြီးက နေ့ည အဆက်မပြတ် တမန်တော်ချုပ်၏ ဘဝအာ မွေအနစ်ကို လက်ခံကာ အလားတူ သောကပိုက်၍ ဝလီအောင်ဝ်လီယာ တို့၏ကျင့်ထုံးအတိုင်း သာသနာ့ဒါနကို သယ်ပိုးလျက် အချိန်ကုန်ဆုံးစေခဲ့ ပါတယ်၊ ခရီးများစွာ ထွက်ခြင်းကြောင့် နမာဇ်ပင် ကဆွန်ရသောဇတ်လေ့ရှိ သည်၊ အာရေဗျကျွန်းစွယ်သို့လည်း နှစ်ကြိမ်တိုင် ခရီးထွက်ခဲ့ပါတယ်၊ သခင်၏ခမည်းတော်က မွေးရပ်ဒေသ အိန္ဒိယကိုစွန့်၍ မဒီနဟ်ရွှေမြို့တော် တမန်တော်အနီးအနား၌ နေထိုင်ခဲ့ပါတယ်၊ အဲဒီ သန့်ပြန့်သောမြေပြင်ပေါ်

ရှိနေစဉ်အခါကလည်း ဒါအီအပြစ်အနာဂတ်သက်တမ်းကို ဖြတ်သန်းခဲ့ပါတယ်။

ဟဇ်ရသ်ရှားဟ် မုဟမ္မဒ်အိလ်ယားစ် (ရဟ) နဲ့ မယားန်ဂျီး ဟာဂျီ အဗ်ဒုလ္လာဟ် (မေဝါသီ) သခင်တို့ရဲ့ကြိုးပမ်းမှုနှင့် ဒုအာများရဲ့ရလဒ်ကြောင့် သခင်ကြီးဟာ သဗ်လီးဂ်ကြိုးပမ်းမှုတွင် ပါဝင်လာပါတယ်။ ယင်းကြိုးပမ်းမှုမှာ မပါဝင်မီအလျင် မုနာဇွရဟ် (စကားအချေအတင်အသိပညာဖလှယ်ရေး) ဟောပြောစင်သို့ တက်လေ့ရှိခဲ့တယ်။ များစွာသော ဂျူး၊ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် အနိုင်ယူလေ့ရှိခဲ့တယ်။ အလ္လာဟ်က ရှားဟ်ဆွာဟိဗ်ကို အစ္စလာမ်သာသနာတော်ရဲ့တိုးတက်ရာတိုးတက်ကြောင်းအဖြစ် စောင်မတော်မူခဲ့တယ်။ သခင်ကြီးရဲ့ဘဝတွင် သာသနာ့ကြိုးပမ်းမှုနှင့် အလ္လာဟ်ကို သတိရတသမှုဖြင့်သာ အချိန်များစွာ ကုန်လွန်စေခဲ့ပါတယ်။ သက်ကြီးရွယ်အိုဘဝ မဆိုက်ရောက်မီအလျင် တောကိုမှီ၍ သစ်ရွက်နွယ်ပင်များကို စားသုံးလျက် တရားအားထုတ်ရင်း ကျေးလက်တောရွာများအား ဖြတ်သန်းကျော်လွှားခဲ့ပါတယ်။ သခင်က အလ္လာဟ်၏တသမှုကို ဒီလိုလုပ်ကြောင်း ကဗျာတစ်ပုဒ်ဖြင့် ပေါ်လွင်စေပါတယ်။

အလ္လာဟ်ကို သတိရ တသ မြွက်ဟပါ။

ယင်းတမ်းတမှုဖြင့်သာ မေ့လျော့ခြင်းကို ဖျက်ဆီးပစ်လိုက်ပါ။

အလ္လာဟ်က သခင်ကြီးကို အခြားသူထက် ပိုမိုထူးခြားသောအရည်အချင်းအရျို့ချိုးမြှင့်ပေးထားတယ်၊ ဒအ်ဝသ်ပေးဖိတ်ခေါ်ခြင်း

သာသနာ့ကြိုးပမ်းနင့်စပ်လျဉ်း၍အလ္လာဟ်အမိန့်တော်ကိုရေရွလျက်မည်သည့်အချိန် ဘယ်အခြေအနေဖြစ်ဖြစ် လေးပင် ပေ့ါပါး ထွက်ခွာသွားဟု မိမိအပေါ် သာသနာပြန့်ပွားရေးအတွက် အရေးတကြီး သတ်မှတ်လိုက်ပါတယ်။

အလိုသဘောမှာ အသင်တို့သည် ပေ့ါပါးစွာငှင်း၊ လေးလံစွာငှင်း၊ မိမိတို့အိမ်များမှ ထွက်ကြ၍အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန်၊ ဤသည် အကယ်၍ အသင်တို့သိတတ်ကြပါလျှင် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ပေသတည်း။

တစ်ခါက အခြားသူတို့ရဲ့ဆန္ဒအရ သခင်က ပါကစ္စတန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပါတယ်၊ အဲဒီမှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှတဲ့ ကြိုးပမ်းမှုပြုလုပ်ခဲ့၍ လက်ခံလာကြပါတယ်၊ အစဉ်အမြဲ ခရီးသည်အဖြစ် သာရှိခဲ့ရာ တစ်နေရာတည်း ကြာကြာမနေသောကြောင့် တစ်ဦးတစ်ယောက်က သခင်လိပ်စာကို မေးမြန်းလာလျှင် အဖြေပေးသည်မှာ -

နေရပ်ဒေသ လိပ်စာရှိစဉ်က
ဖန်ဆင်းရှင်ရဲ့လိပ်စာမသိခဲ့ပါ၊
ဖန်ဆင်းရှင်ကို သိနားလည်လာတဲ့အခါ
ယခုမိမိရဲ့နေရပ်လိပ်စာမရှိပါ၊

သောင်ဝ်ပဟ်ီးဒ်တရားနှင့် စွန္နသ်တော်တို့သည် သခင်ကြီးအပေါ် အမြဲလွှမ်းမိုးလျက်ရှိတယ်။ ထူးခြားချက်တစ်ခုကတော့ မိမိရဲ့အနားယူမှု စည်းစိမ်ကို အခြားသူအတွက် အနစ်နာခံဖို့ စိတ်ဓာတ်တက်ကြွလျက်ရှိနေတတ်သည်။ ဒါကြောင့်မို့ လူတိုင်းက ငါ့ကို သခင်ကြီးက အားလုံးထက် ပို၍ ဦးစားပေးတယ်လို့ ထင်မြင်ယူဆလေ့ရှိကြတယ်။ အခြားသူရဲ့အပူသောကနှင့် ဒုက္ခကို မြင်တွေ့ရင် မိမိရဲ့သောက ဒုက္ခကဲ့သို့ ယူဆပြီး စိတ်မချမ်းမြေ့ပေ။ တတ်အားသရွေ့ကူညီပြီး ဖယ်ရှားပေးကာ ဆုမွန်ကောင်းတောင်းပေးလေ့ရှိပါတယ်။

သခင်ကြီးက ရောက်လာသူတိုင်းကို ကျွေးမွေးဧည့်ခံလေ့ရှိပြီး ကိုယ်ကျင့်တရားများကို အထူးသွန်သင် ပဲ့ပြင်ပေးလေ့ရှိပါတယ်။ ရောက်လာသူတိုင်းက ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ပြန်သွားကြတယ်။ လူတင်မက သတ္တဝါတို့လည်း သခင်ကြီးထံ ရောက်လာလျှင် ဝမ်းဝစွာ ပြန်ကြရလေသည်။

သခင်ကြီးသည် နောက်ပိုင်းတွင် ကျန်းမာရေးမညီညွတ်မှုကြောင့် ခရီးဝေးဝေးလံလံ မသွားနိုင်တော့ပေ။ ဒါပေမယ့် မိမိရှိနေတဲ့ ရပ်ကွက်မှာ အွမ္မသ်အတွက် သောကထား၍ သာသနာ့အစီအစဉ်တွင် နစ်မွန်းလေ့ရှိပါတယ်။ တမန်တော်ရဲ့ အွမ္မသ်ထုတစ်ရပ်လုံးက အလ္လာဟ်၏ကျေနပ်မှုရရှိဖို့၊ တမန်တော်မြတ် ﷺ ၏ စွန္နသ်ကျင့်စဉ်များရှင်သန်စေဖို့ ဘဝမွေးမြူနည်းကို ကြိုးပမ်းပေးလေ့ရှိပါတယ်။ သခင်ကြီးက ဆင်းဒ်ပြည်

နယ်ရှိ ရွာတစ်ရွာတွင် နေထိုင်စဉ် ငါးနှစ်တာကာလမှာ ပြည်နယ်တစ်ခုလုံးသို့ သာသနာ့ကြိုးပမ်းမှု ပျံ့နှံ့သွားစေခဲ့ပါတယ်၊ အလ္လာဟ်နဲ့ဝေးနေကြတဲ့ များစွာသောဝန္နာဟ်များကို တမန်တော်မြတ် ﷺ ရဲ့စာရိတ္တများ သင်ကြားပေးခဲ့ပါတယ်၊ ဒါကြောင့် မြောက်မြားစွာသောလူတို့ဟာ လမ်းမှန်ပေါ် ရောက်ရှိပြီး တမန်တော်ရဲ့နောက်လိုက်ပီသခဲ့ပါတယ်၊ သခင်ကြီးရဲ့ ကြိုးပမ်း မှုကို အလ္လာဟ်အရှင်လက်ခံတော်မူပါစေ၊ (အာမီးန်)

ဟဇ်ရသ်ရှိုင်ခုလ်ဟဒီးဆ် မော်လာနာ မုဟမ္မဒ် ဇကရီယာ စဟာရန်ပူရီက မိမိ၏စာစောင်များ၌ ဟဇ်ရသ်ရှားဟ် ဆွာဟိဗ်နှင့်ပတ်သက်၍ရေးသားသည်မှာ - ကံကောင်းသူဖြစ်၏၊ မိမိကွယ်လွန်ပြီးနောက် အီစာလေဆဝါးဗ်ပို့သမည့်သူများစွာကို သခင်ကြီးက မွေးထုတ်ခဲ့လေသည်၊

တစ်ခါက ရှားဟ်ဆွာဟိဗ်သည် သဗ်လီးဂ်အစီအစဉ်ဖြင့် ကရာချိမြို့သို့ ရောက်လာခဲ့သည်၊ ထိုမြို့တွင် (၄) နှစ်ခွဲခန့် နေထိုင်ခဲ့ပြန်သည်၊ ထိုကာလအတွင်း လူများစွာကို ကိုယ်တော့်သောကနှင့် ဒအ်ဝသ်လုပ်ငန်းကို လုပ်နိုင်စွမ်းအရည်အချင်း ဖန်တီးပေးခဲ့သည်၊ ကရာချိ၌နေစဉ် မကြာခဏ ပြောလေ့ရှိသည်၊ အရှင် အလိုတူလို့ ဒီကနေ ခရီးထွက်ခွင့်ရမယ်ဆိုရင် ပထမဆုံးတင်ဒူ အာဒမ်ကို သွားမယ်၊ အီဒုလ်အသ္ဟာ နမာဇ်ကို တင်ဒူ အာဒမ်မှာ ဖတ်မယ်ဟု သုံးလေးကြိမ်ပြောခဲ့၏၊ အလ္လာဟ်အရှင်မြတ်က နလုံးသားထဲ ယင်းဆန္ဒကို ပေါ်ပေါက်စေခဲ့ပါတယ်၊ တင်ဒူအာဒမ် ကြွမြန်း

ရန် မိန့်ကြားလာသော် ဟာဇ်ရသ်၏ ကျန်းမာရေးအခြေအနေကို ကြည့်ကာ ဟာဇ်ရသ် ခရီးထွက်နိုင်မည်မဟုတ်ဟု မှန်းဆမိခဲ့သည်။ ထို့ကြောင့် ဟာဇ်ရသ် ဘာများမိန့်ကြားထားလဲ၊ ဟာဇ်ရသ်က တင်ဒူအာဒမ်ကို သွားမှ ဖြစ်မယ်" အလ္လာဟ်အရှင် ယခုငါ့ရဲ့စိတ်ထဲ ဒီခရီးသွားရန် စိတ်တက်ကြွစေတော်မူခဲ့ပါတယ်။

ချက်ချင်း ကားစီစဉ်ပြီး ဟာဇ်ရသ်ကို တင်ဒူအာဒမ်သို့ (ခရစ်နှစ် ၁၉၆၉၊ ဇန်နဝါရီလ ၂၈ ရက်၊ တနင်္ဂနွေနေ့) တွင် ကောင်းကောင်းမွန်မွန်ပဲ ရောက်စေခဲ့တယ်။ ဆင်းဒ် နယ်သားတွေ စိတ်ထဲ ပျော်ရွှင်မှုတွေ တိုးပွား ရောက်ရှိခဲ့တယ်။ ဟာဇ်ရသ်ရဲ့နေထိုင်မှုကြောင့် တင်ဒူအာဒမ်နယ်သားတွေ နလုံးသားအကျိုးဖြစ်ထွန်းမှုများ ရရှိခဲ့ကြတယ်။ ထိုပျော်ရွှင်မှုများနောက် ဝယ်ဝမ်းနည်းဖွယ်အရာကို ၃၄ ရက်အကြာမှာ အမြန်ဆုံးကြုံဆုံကြရတော့တယ်။

ဥစ္စာပစ္စည်းများသည် အလုပ်မဖြစ်

အားကိုးမရစွာ တစ်ဖြည်းဖြည်း လက်လွတ်ဆုံးရှုံးရသည်မှာ ဝမ်းနည်းလေစွ၊

သခင်ကြီး၏ နှစ်မြို့ဖွယ်ကောင်းလှသော သာယာဝပြောသည့် ကိုယ်ရေးသမိုင်းအရ သခင့်ကို မတွေ့မမြင်ချင်း များစွာ ကြေကွဲဝမ်းနည်းလာရခြင်းပါ။

ဟစ်ဂျရီ ၁၃၈၈၊ ဇူလ်ဟစ်ဂျဟ်လ ၁၃ ရက်၊ ခရစ် ၁၉၆၉ ခုနှစ်၊

မတ်လ (၂) ရက်၊ တနင်္ဂနွေနေ့၊ ည ၁၀ နာရီ ၅ မိနစ်မှာ မဒ်ရစဟ် အရဗီယဟ် မဒီနသုလ်အုလူမ် တင်ဒူအာဒမ်၌ တမန်တော်မြတ် ﷺ ၏ အွမ္မသ်ရဲ့သောကကိုရင်ဝယ်ပိုက်ကာ ညအခါ စိတ်မချမ်းမြေ့မသာယာဘဲ နေ့အခါမှာလည်း အစဉ်ကြိုးပမ်းလေ့သူသည့် ထာဝရဖိတ်ခေါ်သောအရှင်၊ အလ္လာဟ်၏ဖိတ်ခေါ်မှုအား လစ်ဗိုက်ဟု လက်ခံ၍ ၂ ကြိမ်မျှ နာချေကာ အလွန်ဖိမ်ရှိလှစွာသော အနားယူမှုရရှိသွားလေသည်။

(အင်နာလိလ္လာဟိ ဝအင်နားအိလိုင်ဟိ ရာဂျိအူးန်)

နရ်ဂစ်ဆိုသောပန်းသည် မိမိနွမ်းနယ်မှေးမှိန်မှုအပေါ် ကာလ အတန်ကြာ ဝမ်းနည်းကြေကွဲခဲ့သည်။

အလွန်သာယာဝပြောသော ဥယျာဉ်မာလာ၌ မူလလှပမှုကို အလွန်အလွန် ခက်ခဲစွာတွေ့မြင်ရတယ်။

ဘဝရဲ့နောက်ဆုံးကာလမှာ သခင့်အပေါ် အရှင်အား ကြောက်ရွံ့ ရှိသေလေးစားမှုသည် ထူးခြားစွာ လွှမ်းမိုးလာခဲ့တယ်။ အကြင်ပုံရိပ်လွှာ အားကျွန်ုပ်တို့ အမလ်အားနည်းသူများအတွက် နောင်တ သံဝေဂ ရယူရန် ဖြစ်တယ်။

အို....သန့်ရှင်းစင်ကြယ်တော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ အားလည်း မသေမီအလျင် ထိုသို့သောအခြေအနေမျိုးမှ အနည်းငယ် ချီးမြှင့်တော်မူပါ။ သို့မှသာ သေပြီးနောက် စခန်းများ၌ လွယ်ကူချောမွေ့ ပေမည်။ (အာမီးန်)

အို.... စင်ကြယ်တော်မူသောအရှင်၊

အမျိုးမျိုးအဖုံဖုံသော အေးချမ်းသာယာမှုများ ကွယ်လွန်သူ သခင်ကြီးအပေါ် ကျရောက်ပါစေ။ ကွယ်လွန်သူ၏ဆွေမျိုးသားချင်းနှင့် တပည့်တပန်းတို့အား ဟိဒါယသ်ချီးမြှင့်တော်မူပါစေ။ သခင်က အကျိုးခံစားခဲ့ရသော ဆရာသခင်များအားလည်းကောင်း၊ မိတ်ဆွေများအားလည်းကောင်း၊ ကွယ်လွန်သွားသည်ဖြစ်စေ၊ မကွယ်လွန်သေးသည်ဖြစ်စေ၊ အကျိုးခံစားခွင့် ရရှိသူတိုင်းကိုလည်းအရှင်မြတ် မိမိ၏ကျေနပ်နှစ်သက်မှုကို ချီးမြှင့်တော်မူပါ။ (အာမီးန်)

သခင်ကြီးကို ထိုစာသင်ကျောင်း၌ပင် ဒဖနာပြုခဲ့သည်။ ဤကျောင်းတော်သည်လည်း သခင်ကြီး၏ဒုအာနှင့် ကြိုးစားမှု၏အသီးအပွင့်ဖြစ်ပါသည်၊ ၄င်းအနီးရှိ ဗလီဝတ်ကျောင်းတော် "ဖရ်ဒေါင်ဝ်စ်" သည်လည်း သခင်ကြီး၏လက်တော်ဖြင့် အုတ်မြစ်ချခဲ့သည်။ ထိုဝတ်ကျောင်းတော်ဆောက်လုပ်ဆဲဖြစ်ရာ ပြီးစီးရန်အတွက် ဒုအာပြုကြပါ။ ထိုအဆောက်အအုံတို့သည် သခင်၏စိတ်ဆန္ဒအရ သင်ပေးသင်ယူမှုနှင့် ကျင့်ကြံရန်တို့၌ တိုးတက်မှုပေးတော်မူပါစေ။ ထိုမှတစ်ပါး မယာနရ်ဂျီး ဟာဂျီအဗ်ဒုလ္လာဟ် (မေဝါသီ) နှင့် ရိုင်ဝါန် တာဝန်ခံတို့၏ အဆိုအရ ရိုင်ဝါန်ဗလီဝတ်ကျောင်းတော်ကို မိမိလက်တော်ဖြင့် သဗ်လီးဂ်ဌာနချုပ်အဖြစ် သခင်ကြီးက အုတ်မြစ်ချပေးခဲ့သည်၊ သခင်ကြီး မကွယ်လွန်မီ တစ်ရက်အလိုအီးဒ်နမာဇ်ဝတ်ပြုပြီးနောက် ၁၅ - ၂၀ မိနစ်ခန့်ကြာ ကုရ်ဟာနီအကြောင်း အမိန့်ရှိတော်မူခဲ့သည်၊

ဗလီ၌ အဒေါန်ကြာထိုင်ကာ မိတ်ဆွေများနှင့် တွေ့ဆုံလက်ဆွဲနှုတ်ဆက်ခဲ့၏။ ကရာချိမှ ကြွရောက်ပြီး ဒုတိယမြောက်နေ့တွင် နှစ်နာရီခွဲခန့်မျှ တရားဟောနေသဖြင့် နားထောင်သူများ အံ့ဩခဲ့ကြသည်။ အချို့စိုးရိမ်မိသည်မှာ - သခင်ကြီး ကျန်းမာစဉ်ကပင် ဤသို့ရှည်လျားစွာ တရားမဟောခဲ့ပေ။ အလ္လာဟ်အရှင် ကျန်းမာရေးပေးသနားတော်မူပါစေ။

သခင်ကြီးကွယ်လွန်ပြီးနောက် သားတော် (၅) ဦး၊ သမီးတော် (၂) ဦးနှင့် ၎င်းတို့၏မိခင် ကျန်ရစ်ခဲ့လေသည်။ ပါကစ္စတန်၌နေသော သားမှအပ ကျန်အားလုံး ဒေ့ဟ်လီမှာပင် နေထိုင်ကြပါသည်။ အထက်ဖော်ပြပါ သခင်ကြီး၏အတ္ထုပ္ပတ္တိကို ၎င်း၏နောင်တော် ဟာဂျီအဗ်ဒုရ်ရရှီးဒ်ထံ မေးမြန်းကာ ရေးသားခြင်းဖြစ်၏။ ဤပုဂ္ဂိုလ်လည်း မဒ်ရစဟ် အရဗီယာ မဒီနသုလ်အုလူမ်၌ပင် နေထိုင်၍ ကျန်ရှိဘဝသက်တမ်းကို ဖြတ်သန်းခဲ့၏။ အလ္လာဟ်အရှင်မြတ်က ၎င်းအား ၁၈ ကြိမ်တိတိ မိမိအိမ်တော်သို့ လာရောက်ခွင့်ပေးသနားတော်မူခဲ့သည်။ အလ္လာဟ်အရှင် ၎င်းမှ ကျွန်တော်မျိုးတို့အား အကျိုးခံစားခွင့် ချီးမြှင့်တော်မူပါ။ (အာမီးန်)

အလုံးစုံသောအစ္စလာမ်၏ ကျင့်စဉ်ဟူသည်မှာ - ကောင်းမွန်သော နီယသ်အပေါ် မူတည်၏။ အိခ်လားစ်နီယသ်ဟူသည်မှာ - အရှင်ရဲ့ကျေနပ်နှစ်သက်မှုအပေါ် အခြေခံပါတယ်။ မြင့်မြတ်သော အိခ်လားစ်ဆိုတယ်။ ဥပမာ - တမန်တော်ကြီး "အိဗ်ရာဟီးမ် عليه السلام ရဲ့အိခ်လားစ်အရှိန်အဝါဟာ ယနေ့တိုင် ကမ္ဘာအဝှမ်းရှိ မုစ်လင်မ်တို့၏နှလုံးသားကို ကအ်ဗဟ်

ကျောင်းတော်ဘက်သို့ သံလိုက်ပမာ ဆွဲငင်လျက်ရှိကြတယ်။

ဝတ်ကျောင်းတော် ကအ်ဗဟ်ဘက်သို့ အရှိန်ရှိသရွေ့ အလ္လာဟ် အရှင်မြတ်ရဲ့ရောင်ခြည်တော်သန်းလျက်ပါ။ (ဝါ) ရဟ်မသ်တော်ကျလျက် ပါ။ ဤသည်သာ တမန်တော်အိဗ်ရာဟီးမ် ﷺ ရဲ့မဟာသန္နိဋ္ဌာန်စင်ကြယ် သောအိခ်လားစ်ရဲ့အရှိန်အဝါဖြစ်ပါတယ်။

ဗုခါရီကျမ်းတော်ရဲ့အစဦးမှာ လာရှိသောဟဒီးဆ်တော်ကလည်း စေတနာသဒ္ဓါတရား ဖြူစင်ရမယ့်အကြောင်း ဖော်ပြပါရှိပါတယ်။ သခင်ကြီး အဗ်ဒုလ်အဇီးဇ်ရဲ့ ခိုကားသ် နိဒါန်းကို အရေးကြီးသောမိန့်ကြား ချက်များဖြင့် အစပျိုးလိုက်ရပါတယ်။ အလ္လာဟ်အရှင် လက်ခံတော်မူ ပါစေ။ (အာမီးန်)

၁။ အွမ္မသ်ထုတစ်ရပ်လုံးရဲ့ကိစ္စအဝဝဟာ မွန်မြတ်တဲ့စိတ်ထားနဲ့ မှန်ကန်တဲ့အုစူလ် စည်းကမ်းအတိုင်း သဗ်လီးဂ်လုပ်ခြင်းအပေါ် မူတည်နေပါတယ်။

၂။ နီယသ်လက်ပိုက်ပြီး အပြောင်းအလဲမြန်တာ ဘယ်အရာမှမရှိပါ၊ ဒါကြောင့် နီယသ်ကို အကြိမ်ကြိမ်ဆန်းစစ်ပါ။ နီယသ်အမြဲ လန်း နေအောင် ထားပါ။

၃။ သစ်လွင်လန်းဆန်းတဲ့ နီယသ်ရှိရန် အရေးကြီးလှတယ်။ အဝတ် အထည်သည် အလျင်အမြန်မစုတ်ပြဲပေ။ ထိုနည်းတူ အိမ်ယာ သည်လည်း အိုဟောင်းမမြန်ပေ။ အလားတူ အစားအစာက

လည်း ချက်ခြင်း လက်ငင်း ပုပ်သိုးမသွားပေ။ သို့သော် နီယာသ်ဟူ သည်က ပြောင်းလဲ ပျက်လွယ်၏။ ဒါကြောင့် မိမိနီယာသ်ကို အကြိမ်ကြိမ် ဆန်းစစ်နေရမယ်၊ အဖန်ဆင်းခံ ကျေနပ်အားကျရ မယ့်အစား ဖန်ဆင်းရှင်နှစ်သက်ဖို့ရာ ကြိုးစားအားထုတ်ရပေ မယ်။

☆☆☆

## အိခ်လားစ္ဆိုတာ အဘယ်အရာပါလဲ။

၄။ မည်သည့်အရာမဆို ယင်းအရာကို မူလအတိုင်းထားခြင်းဟာ အိခ်လားစ္ဟု ခေါ်တွင်တယ်။ ဥပမာ - ရွှေအစစ်ကို ကြေးလုံးဝ မရောခြင်း၊ ငွေအစစ်၌ ဘော်မပါခြင်း၊ ထောပတ်အစစ်၌ ဘာဆီ မှမရောခြင်း၊ ပျားရည်အစစ်၌ သကာမရောခြင်း၊ အဆိုပါအရာ များ၌ တစ်စုံတစ်ရာရောခဲ့လျှင် ယင်းအရာသည် မစစ်တော့ပေ။ အလားတူ အလ္လာဟ်သာသနာမှာ အိဘာဒသ်နှင့် ကောင်းမှုဟူသ ရွေ့တို့ဟာ အိခ်လားစ္ရှိမှသာ ကဗူလ်ပြုလက်ခံတော်မူမယ်၊ ကောင်းမှုပြုသူရဲ့ ရည်ရွယ်ချက်မှာ ပြစားမှုမပါရပေ။ ရိယာဟ် ပြစားမှုဆိုသည်မှာ - မိမိဆောက်တည်လိုက်သော ကောင်းမှု၌ ကျော်ကြားရန်လည်းကောင်း၊ ဂုဏ်သိက္ခာရရှိရန်၄င်း စသည်ဖြင့်

တစ်စုံတစ်ခုသောရမက်ဖြင့် ပြုလုပ်လျှင် ရှရီအသ်တရားတော်က ယင်းကို "ရိယာ" ဟုခေါ်ပါတယ်။ အလ္လာဟ်ကျေနပ်နစ်သက်ဖို့အတွက်ပဲ ရေရှုရမယ်၊ ဒါကြောင့်ပဲ ပြစားမှုက ရှောင်ကြဉ်ဖို့ရာ အထူးမိန့်မှာခဲ့တာ။

ခိုင်လုံသောဟဒီးဆ်တော်မှာ အဲဒီ "ရိယာ" ပြစားမှုကို ရှစ်ရ်ကေအစ္စဂရ် အသေးစားတုဖက်မှုအဖြစ် သတ်မှတ်ထားတယ်။ အလ္လာဟ်အရှင်မြတ် ကျွန်ုပ်တို့ကို ခွင့်လွှတ်ပါစေ၊ ပေါ်ပေါက်လာမယ့် ပြစားမှုမျိုးစုံကနေ ထိန်းသိမ်းပါစေ၊ (အာမီးန်)

၅။ ဂတ်ရှ်လုည့်တဲ့အခါ ဒအ်ဝသ်ပေး ဖိတ်ခေါ်ရန်ထွက်သောအခါ တစ်စုံတစ်ရာအပေါ် မြင်တွေ့ပြီး ယင်းအရာကို ဉျကိစ္စဆောင်ရွက်ပြီးနောက် ပြန်လာပြီးယူမည်ဟု စိတ်ကူးခဲ့လျှင် ထိုစိတ်ကူးအတိုင်း မလုပ်ခြင်းက သင့်မြတ်လှ၏၊ အကြောင်းမှာ ကနဦးထွက်ခဲ့သော ဆန္ဒနှင့်မလျော်ညီ၍ ဆောင်ရွက်ခြင်းမှာ မသင့်မြတ်ပေ။

၆။ ကျွန်ုပ်တို့ နမာဇ်ရဲ့နီယသ်မှာ အစဉ်အမြဲ ပြောဆိုလေ့ရှိတာ ဝတ်ပြုခြင်းဟာ အလ္လာဟ်အတွက်ပါ၊ တစ်ဖန် ထိုသို့ဝတ်ပြုတာကို အခြားသူကို ပြသဖို့ ဆောက်တည်မယ်ဆိုရင် ဒါဟာဘာလဲ၊ အလ္လာဟ်အတွက်ပါလို့ ပြောဆိုခြင်းဟာ မှန်ကန်ပါတော့မလား။

၇။ အဒ်မာလေဆွာလေဟာဟ် ဆိုတာ ဘာလဲ၊

(အဖြေ)

မည်သည့်ကောင်းမှုသီလမဆို အလ္လာဟ်ကျေနပ်နှစ်သက်ဖို့အတွက် ကျင့်ဆောင်ရပါမယ်၊ ထိုကောင်းမှုဟာ တမန်တော်မြတ် ﷺ ရဲ့ကျင့်ထုံးအရ ကိုက်ညီပြီး အကောင်းဆုံးခေတ်ဟူသော (ဆွဟာဗဟ် သာဗိအီးန်နှင့် သဗသာဗိအီးန်တို့က) ယင်းကောင်းမှုကို ကောင်းမှုအဖြစ် ကျင့်သုံးခဲ့ကြပါလျှင် အလ္လာဟ်ထံတော်ပါးဝယ် ကောင်းမှုဟု အကျုံးဝင်ပါတယ်၊ အဆိုပါစည်းကမ်းချက် (၂) ရပ်လုံးနဲ့ လျော်ညီပါမှ ကောင်းမှုဖြစ်ရာမှာ ဒွိဟမဖြစ်ဘဲ လက်ခံရပါမယ်၊ အကယ်၍ စည်းကမ်းချက်တစ်ခုသာရှိပြီး အခြားတစ်ခုမရှိပါမူ ယင်းကိစ္စသည် အဒ်မာလေဆွာလေဟဟ် မဟုတ်တော့ပေ၊

မှတ်ချက်၊ ၊ စည်းကမ်းချက် (၂) ရပ်မှာ၊ ၁ - အလ္လာဟ်၏ကျေနပ်နှစ်သက်မှုအတွက်ဖြစ်ပြီး၊ ၂ - ခေတ်ကောင်းက သူမြတ်တို့၏ ကျင့်စဉ်နှင့်ကိုက်ညီရမည်၊

၈၊ သောင်ဝ်ဟီးဒ် တစ်ဆူတည်းသောအရှင်အား ယုံကြည်လက်ခံရမည့်အကြောင်း၊

အမ်ဗီယာ (တမန်တော်မြတ်) များရဲ့ဝဇီဖဟ် (ကျင့်စဉ်) ၏ကျင့်စဉ်သာ ဗရိကာသ်မင်္ဂလာဖြစ်ပြီး အရေးကြီးဆုံးကျင့်စဉ်ဖြစ်တယ်၊ လားအိလားဟာ အိလ္လလ္လာဟ် အဲဒီကျင့်စဉ်ကနေ ယုံ

ကြည်မှုယကီးန် နှစ်မျိုးပေါ်ထွက်လာပါတယ်၊ တစ်မျိုးမှာ ထင်ရှားတာကတော့ အဖန်ဆင်းခံအနေနဲ့ မည်သည့်အကျိုးအဆိုးမှ မဖြစ်နိုင်ပါ၊ ဒုတိယတစ်မျိုးမှာ ကောင်းကျိုး ဆိုးကျိုးအရာအားလုံးကို အလ္လာဟ်အရှင်မြတ်ကသာ ဖြစ်ပေါ်စေတယ်ဟု ယုံကြည်ရပါမယ်၊ ဒီယုံကြည်ချက် (၂) ရပ်ဘက်ကို ဖိတ်ခေါ်တဲ့ ဒအ်ဝသ်သာလျှင် နဗီတမန်တော်အပေါင်းရဲ့ကျင့်စဉ် အလုပ်တာဝန်ဖြစ်ခဲ့တယ်၊ ကျွန်တော်တို့အားလုံးအတွက်လည်း ချမ်းသာခွင့်ရရန် အောင်မြင်မှုသော့ချက်ဖြစ်ပါတယ်၊

မှတ်ချက်၊ ၊ ပထမပိုင်း လားအိလာဟ အိလ္လလ္လာဟ် အဖန်ဆင်းခံက မည်သို့မျှ မတတ်စွမ်းနိုင်ပေ၊ ဒုတိယပိုင်း အိလ္လလ္လာဟ် ဆိုသည်မှာ အလ္လာဟ်သာ တတ်စွမ်းနိုင်တော်မူတယ်၊

၉၊ အလ္လာဟ်အရှင်ရဲ့ကတိတော်အားလုံးအပေါ်မှာ အပြည့်အဝ ယုံကြည်မှုထားခြင်းသည် အီမာန်ဖြစ်သည်၊

၁၀၊ သင်လီးဂ်ရဲ့မြောက်မြားစွာ အကျိုးကျေးဇူးတွေထဲက အချို့ကတော့ စိတ်နှလုံးသားထဲ စကြဝဠာကို ဖန်ဆင်းသော ဖန်ဆင်းရှင်အပေါ် ယုံကြည်မှုခိုင်မြဲသွားတယ်၊ ထိုသို့ ယုံကြည်မှု စွဲမြဲရာမှာ ကြည့်ရှုခြင်း၊ ကြားနာခြင်း၊ ပြောဆိုခြင်း၊ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ ထို့အပြင် ဖန်ဆင်းရှင်ရဲ့အဖန်ဆင်းခံတွေကို ရှုံ့မှန်းခြင်းနှင့် စက်ဆုပ်မည့်အစား သနားကြင်နာခြင်းနှင့်

သောကပိုက်လာခြင်းတို့ ဖြစ်ရပေမည်၊ မိမိစိတ်တွင်း မာန်မာန ထောင်လွှားမှုအစား ကျိုးနွံမှုဖြစ်ပေါ်လာပေမည်၊ ဤသို့သော အရည်အချင်းများ ဒအ်ဝသ်လုပ်ငန်းတွင် ပါဝင်ပြီးမှ ဆွဗရ်သည်း ခံတရားကို ရရှိပေမည်၊

၁၁၊ အလ္လာဟ်အရှင်မြတ်ကို မိမိရှေ့ဝယ်ရှိသကဲ့သို့ မှတ်ယူကာ ထိုအရှင့်အပေါ် အာရုံထားလျက် ထိုအရှင့်အချစ်တော် တမန်တော်မြတ် ﷺ ရဲ့စည်းကမ်းအတိုင်း ကျင့်မူဆောင်ရွက် သော လောကီကိစ္စအဝဝသည် (ဒီးန်) လောကုတ္တရာအတွက် ဖြစ်သွားပါတော့တယ်၊

၁၂၊ ပြည့်ဝတဲ့ အီမာန်ဆိုသည်မှာ - အကွယ်ရှိ ယုံကြည်ရမည့်အရာ များအပေါ် ကိုယ်တွေ့မျက်မြင်ထက် သာပို၍ ယုံကြည်ရမယ်၊ တွေ့မြင်ပြီးယုံကြည်လာတာက သူ့ရဲ့တွေ့မြင်ရမှုအပေါ်ယုံကြည် ခြင်းဖြစ်တယ်၊ အကွယ်ရှိ အလ္လာဟ်နှင့် ထိုအရှင်ရဲ့တမန်တော် အပေါ်ယုံကြည်လာခြင်းဟာ ထိုအရှင်ရဲ့ကျမ်းဂန်အပေါ်ယုံကြည် ခြင်းဖြစ်တယ်၊ "ယုအ်မေနူးန ဗစ်လ်ဂိုင်ယ်ဗ်" အာယသ်ရဲ့အလို သဘောကလည်း ဒီသဘောပဲ၊

၁၃၊ တမန်တော်မြတ် ﷺ ရဲ့ဟဒီးဆ်ဩဝါဒတော်မှာ ကိစ္စရပ်တိုင်း အပေါ်အီမာန်ကို ခုတုံးမလုပ်နဲ့၊ "ဒါ ဒီလိုပဲ ရှိတယ်လို့ ကျွန်တော် အီမာန်နဲ့ ပြောတာပါ" ဆိုပြီး မသုံးနှုံးပါနဲ့၊ အကယ်၍ အသင်

မှသားသုံးခဲ့မယ်ဆိုရင် အီမာန်ထွက်သွားမယ်၊ တကယ်လို့အမှန်အတိုင်း ပြောရင်တောင် အီမာန်ယုံကြည်မှုအားနည်းသွားတတ်တယ်၊

၁၄၊ "လာအိလာဟ" ဆိုလိုရင်းက အဖန်ဆင်းခံကြောင့် ကောင်းကျိုးဆိုးကျိုးရရှိတယ်ဆိုတဲ့ ယုံကြည်ချက်ကို နလုံးသားထဲမှ ထုတ်ပစ်ရမယ်၊ အိလ္လလ္လာဟ် ဖြင့် အလ္လာဟ်တစ်ပါးတည်းနဲ့ပဲ ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကို ခိုင်မြဲစွာ မွေးမြူရပေမည်၊ ဥပမာ - သင်ပုန်းပေါ်မှာ စာလုံးပေါင်းမှားရေးမိရင် ဆရာက ပထမ အကြိမ် ဖျက်ခိုင်းပြင်ခိုင်းမှာပဲ၊ စာလုံးပေါင်းအမှန်ကို ရေးပြလိုက်ပေါ့၊

၁၅၊ ဟဇ္ဇရတ်ဘိလားလ် ﷺ သခင်က အဟတ်ဒ် အဟတ်ဒ် လို့ အသံကျယ်စွာ အကြိမ်ကြိမ်အော်ခြင်းမှာ စင်စစ် ကလိမဟ်တော်ရဲ့ အနှစ်ချုပ် အီမာန်ဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် အရှင်မြတ်တစ်ပါး တည်းတည်ရှိကြောင်းကို ဒအ်ဝသ်ပေးဖိတ်ခေါ်ခြင်းဖြစ်ပါတယ်၊

၁၆၊ မုရာကဗဟ် ဆိုသည်မှာ - ဆင်ခြင်တုံတရားကို မွေးမြူခြင်း။

အများအားဖြင့် ဖတ်ရွတ်ခြင်းကို ဝဇီဖဟ်ကျင့်စဉ်လို့ အောက်မေ့ကြတယ်၊ အလ္လာဟ်၏ ကြီးကျယ်မှုကိုလည်း ကောင်း၊ သေခြင်းတရားကို သတိရခြင်းကိုလည်းကောင်း၊ သေပြီးနောက် တမလွန်ရဲ့အခြေအနေနဲ့ မိမိမူလကို ဆန်းစစ်ခြင်း

အားဝဇီဖဟ်မှန်း မသိကြဘူး။ အထူးသဖြင့် ဒီလိုစဉ်းစား ဆင်ခြင်ခြင်း၊ အရှင်မြတ်အသင့်ရှိတော်မူပြီး မြင်နေတော်မူ၏၊ ကျွန်တော်မျိုးအား တွေ့လျက် ကြားနာလျက်ရှိတော်မူသည်ဟု ဒီလိုမျိုး ဆင်ခြင်တုံတရား ထားခြင်းသည် အလွန်အကျိုးသက်ရောက်တယ်၊ သူတော်စင်တွေရဲ့ ကျင့်စဉ်လည်းဒါပါပဲ။

၁၇။ ကလိမဟ်တော်မှ လားအိလားဟ ဆိုတာ ငြင်းဆန်ထားခြင်း ဖြစ်တယ်။ အလိုသဘောမှာ အရာအားလုံးကို စွန့်လွှတ်ဖို့ဖြစ်တယ်၊ ဥပမာ - မတိကျ မမှန်ကန် မရေရာသော ရှိခိုးရာများမှ ငြင်းဆန်ထားခြင်းဖြစ်တယ်။ ထိုနည်းတူစွာ မှားယွင်းခြင်းဟူသ ရွေ့ကလည်း အပြစ်ဖြစ်တယ်။ အိလ္လလ္လာဟ်က တိကျမှန်ကန် သောကိုးကွယ်ရာ အရှင်တစ်ပါးတည်းဖြစ်ကြောင်း ခိုင်လုံတယ်၊ အဲသလိုပင် အရှင်မြတ်ရဲ့ နှစ်မြို့လက်ခံပြီးသား ကောင်းမှုကို အသင်လည်း လက်ခံသဘောတူရန် ဖြစ်ပါတယ်၊ ဒါကြောင့် လားအိလားဟ အိလ္လလ္လာဟ် ဆိုတာ တားမြစ်ချက်ဟူသမျှမှ ရှောင်ရှားစေခြင်းနှင့် တားမြစ်ချက်တိုင်းမှ ငြင်းဆန်ခြင်း စွမ်းအင်ကို မွေးမြူပေးတယ်၊

အိမာန်ရဲ့ နေရာမှန်ကတော့ နလုံးသားပဲ၊ နှုတ်လျှာ မဟုတ်ဘူး။ နှုတ်လျှာက ရွတ်ဆိုဝန်ခံရုံသက်သက်ပဲ၊ နလုံးသားကသာ အဲဒီဝန်ခံမှုကို ယုံကြည်စွာ ထိန်းသိမ်းထားတာ၊

၁၈။ သင်လီးဂ် (သာသနာပြု)

ဂတ်ရှိလှည့်လှည်မှုမှာမိတ်ဆွေတွေအားလုံးက မျက်စိ၊ နား၊ နှာခေါင်း တို့လို တိတ်တိတ်လေးနေကြရမယ်။ စကားပြော ဖို့ရာကို တာဝန်ခံကသော "ပါးစပ်" ရှိသည့်အတိုင်း ဖွင့်ဟပြောဆို ရမယ်။

၁၉။ ဒီနေ့ခေတ်မှာတော့ ကိုယ့်အခွင့်အရေးတွေ ရရှိဖို့လောက်ပဲ သတိပေးနိုးဆော်လေ့ရှိတယ်။ သူတစ်ပါးရဲ့အခွင့်အရေး ဖြည့် ဆည်းပေးဖို့ အရေးမထားကြတော့ပါ။

၂၀။ ဒအ်ဝသ် ဖိတ်ခေါ်မှုအလုပ်က ဒီလောက်ကြီးကျယ်တယ်။ နဗီ တွေရဲ့အလုပ်ဖြစ်ကြောင်း လုံးဝ ဥဿုံယုံလိုက်ပါ။ ဒါပေမယ့် ဘယ်လောက်လွယ်သလဲဆိုရင် လူတိုင်း လူတိုင်းဟာ ဒီအလုပ် မှာ ဆန္ဒရှိသလောက် ပါဝင်ပြီးတော့ အကျိုးကျေးဇူးတွေ ရယူနိုင် တယ်။ သို့ပေမယ့် သတိထားရမှာ တစ်ခုကတော့ ပထမဆုံး စည်းကမ်းတကျနဲ့ အူစူလ်မှုတွေကို လိုက်နာပြီး အလုပ်ကို သင် ယူဖို့လိုအပ်တယ်။

၂၁။ ပြဿနာများစွာ ရောပြွန်းနေတဲ့ကာလမှာ စနစ်တကျနဲ့ အစွမ်း ကုန်ကြိုးပမ်းမှုပြုပြီးမှ ဘယ်လိုနည်းနဲ့မှ ပြောင်းလဲမလာမှသာ တစ်ကိုယ်တည်း သီးခြားကင်းကင်းရှင်းရှင်းနေခြင်းက ပြုပိုင်ပါ လိမ့်မယ်။

၂၂။ အွမ့္မသ်တို့သည် မိမိတို့ပြုလုပ်တဲ့ကောင်းမှုကုသိုလ်အားလုံးရဲ့ အကျိုးဆဝါးဓ်ကို သူနေ့ရာနဲ့သူ အပြည့်အဝရရှိကြပါတယ်။ အွမ့္မသ်နောက်လိုက်သားတွေရဲ့ကုသိုလ်ကောင်းမှုအားလုံး၏ အကျိုးဆုလာဘ်တွေကို သူတို့ရဲ့ခေါင်းဆောင့် တမန်တော်တွေကို ရရှိကြတယ်။ ဤအတွက်ကြောင့် ကောင်းမှုရဲ့အကြောင်းခံက ကောင်းမှုသာဖြစ်ပြီး မကောင်းမှုရဲ့အကြောင်းခံကတော့ မကောင်းမှုသာဖြစ်တယ်။

၂၃။ နှုတ်မှ ကျူးလွန်တဲ့ ပြစ်မှုနဲ့ အကျိုးမဲ့ပြောဆိုခြင်းရဲ့ခွင့်လွှတ်ချမ်းသာရနည်းကား ဒအ်ဝသ်ပေးခြင်း၊ ကုရ်အာန်ဖတ်ရွတ်ခြင်းနှင့် များမြောင်စွာ အလ္လာဟ်အရှင်မြတ်ကို တသခြင်းတို့ဖြင့် ချေပနိုင်တယ်။

၂၄။ ခန္ဓာကိုယ်ဟာ ကျန်းမာရေးနဲ့ အဘယ်မျှညီညွတ်သည်၊ ထိုမျှ စားသောက်ချင်စိတ် ပေါ်ပေါက်လာပေမည်။ ထိုသို့ စားသောက်ခြင်းကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းတွေ အင်အားတောင့်တင်းလာမယ်။ ထိုနည်းတူစွာ အီမာန်ယုံကြည်မှုနှင့် အတွင်းပိုင်းအား အင်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အိဗာဒသ်ပြုလုပ်ချင်စိတ် တဖွားဖွားပေါ်ပေါက်လာပြီး ကောင်းမှုကုသိုလ်များ ပွားများရန် လိုလားတောင့်တလာပေမည်၊ ကောင်းမှုမပြုလုပ်သမျှ စိတ်မချမ်းမြေ့တော့ပေ။ အကျိုးကျေးဇူးမှာ ဘဝရဲ့အတွေ့အကြုံအရ

ပြောရလျှင် သဗ်လီးဂ်ထဲ၌ အချိန်ပေးနေသရွေ့ အလ္လာဟ်အလို တူလျှင် ဝိညာဉ်အတွင်းပိုင်းရဲ့စည်းစိမ်ကို အလျှင်အမြန် ရရှိနိုင် သည်။

၂၅။ သဗ်လီးဂ်ဆိုတာ ဒီလိုကောင်းမှုအလုပ်တစ်ခုဖြစ်တယ်။ အဲဒီ အလုပ်ဟာ ကောင်းမှုကျင့်စဉ်များရဲ့ရေသောက်မြစ်လို့ ယူဆလို့ ရတယ်။ အကြွင်မည်သူမဆို သာသနာ့တည်းဟူသော အပင်ကို စိမ်းလန်းဝေဆာနေတာမြင်ချင်ရင် ထိုသူအနေနဲ့ သာသနာ သစ် ပင်ရဲ့အရင်းအမြစ်ကိုအမြဲတစေ ရေလောင်းပေးရမယ်။ သဘော က သဗ်လီးဂ်မှာ အချိန်ပေးရမယ်။

၂၆။ သာသနာ့ဖိတ်ခေါ်မှုဆိုတာ သဝါဗ်လွှာတစ်ခုဖြစ်တယ်။ အချစ် ဆုံး တမန်တော်မြတ် ﷺ က အွမ္မသ်ကိုလည်း ချစ်ခင်နှစ်သက်ခံ ရဖို့ သင်ကြားပေးခဲ့တယ်။

၂၇။ ကောင်းမှုကုသိုလ်များရဲ့ဥပမာ အုပ်ချုပ်မင်းရဲ့နိုင်ငံသုံးကြေး ငွေပမာဖြစ်တယ်။ မည်သည့်နိုင်ငံမဆို သုံးစွဲနေတဲ့ ကြေးငွေမှာ အားလုံးထက် အကြီးဆုံးကြေးငွေရှိပါတယ်။ အလ္လာဟ့်ဘဏ္ဍာ တော်ရဲ့အကြီးဆုံးနဲ့ နောက်ဆုံးသုံးစွဲခြင်းအမည်မှာ သဗ်လီးဂ်နဲ့ သာသနာ့ဖိတ်ခေါ်မှုဖြစ်ပါတယ်။

၂၈။ ခြောက်သွေ့သောနေရာမှာ ရေကူးသင်ဖို့ မဖြစ်နိုင်သလို အိမ်မှာ ထိုင်နေပြီး သဗ်လီးဂ်ရဲ့အကျိုးကျေးဇူးနဲ့ ဗရ်ကသ်ကို ဘယ်နည်း နဲ့မှ မရရှိနိုင်ပေ။

၂၉။ ပိုင်ရှင်ရဲ့ သဘောဆန္ဒအရ အပ်ချုပ်သမားက "အထည်ကို အဦးဆုံးတိုင်းတာသတ်မှတ်၍ ညှပ်ပြီး ချုပ်ပေးတယ်။ သစ်လီးဂ်မှာလည်းပဲ မိမိဆန္ဒများကို အနစ်နာခံပြီးမှ ဖန်ဆင်းရှင်အလိုကျ ဖြစ်လာတယ်။

၃၀။ မွန်မြတ်တဲ့ စိတ်စေတနာနဲ့ သာသနာကို စောင့်ရှောက်ဖို့ သာသနာတော်တိုးတက်ဖို့ ခြေလှမ်းစတဲ့အခါ အနစ်နာခံရာမှာ ဆုံးရှုံးမှုဟု အမြင်အားဖြင့် တွေ့လာရတယ်။ တကယ်ပဲ ဆုံးရှုံးရသည်ထားဦး၊ အကျိုးအမြတ်ကတော့ ထို့ထက်မက ထောင်သောင်းမက သာပိုရရှိမှာပါ။ အကျိုးအမြတ်ကြီးကြီး လိုချင်ရင် အနည်းငယ်အကျိုးကိုတော့ စွန့်လွှတ်ရပါတယ်။ ထောင်မြင် ရာစွန့်ရတယ်။ ဦးခေါင်းကို ကာကွယ်ဖို့အတွက် လက်ကို အကျိုးခံရတယ်။ ပင်လယ်ထဲမှာ ငါးငယ်တွေကို ငါးကြီးတွေက စားကြတယ်။ တောင်သူလယ်သမားက မိမိသီးနှံအထွက်တိုးဖို့ အဖိုးတန်မျိုးမှန် ပျိုးသန်တာကိုမှ ပျိုးထောင်စတေးရတယ်။

တန်ခိုးတော်ရှင်ရဲ့အံ့ဖွယ်စီမံကိန်းကတော့ ကြီးကျယ်တဲ့အရာတွေအတွက် သေးငယ်တဲ့အရာကို စတေးခံရတယ်။ မျိုးစေ့ဆိုတာ အပင်တစ်ပင်အတွက် အနစ်နာခံရတာပဲ။ အပင်တွေက သတ္တဝါတွေအတွက် အသက်ပေးရတယ်။ ဒါဆို လူသားက ကြီးကျယ်မြင့်မြတ်တဲ့ ဇာသ်တော်ရှင်၊ လောကအပေါင်းရဲ့

ဇန်ဆင်းရှင်၊ အလ္လာဟ်ရဲ့ကျေနပ်နှစ်သက်မှုကို ရရှိဖို့ အရှင်ရဲ့ သာသနာအတွက် အသက်နဲ့ဥစ္စာ၊ အချိန်ဆိုတာကို ဘာကြောင့် ကုရ်ဗာနီမပေးနိုင်ရတာလဲ။

၃၁။ ကျမ်းတော်မြတ်ကုရ်အာန်မှ ဝင်ပြလာသော လမ်းညွှန်မှု (ဝါ) အလိုကို ပြီးပြည့်စုံအောင် ဆောင်ရွက်ခြင်းဟာ သဗ်လီးဂ်ဖြစ်တယ်၊ သဗ်လီးဂ်ရဲ့သဘောသဘာဝသည်လည်း ကျမ်းမြတ်ကုရ်အာန်ရဲ့သဘောသဘာဝအတိုင်းဖြစ်တယ်။

၃၂။ ကောင်းမှုကိစ္စတိုင်း ပြုပြီးသောအခါ ယင်းရဲ့ဝတ္တရား (၅) မျိုး ရှိပါတယ်။

ပထမ - လုပ်ခွင့်ရတဲ့အပေါ် ကျေးဇူးတင်ခြင်း၊

ဒုတိယ - လက်ခံသဘောတူဖို့ သောကထားခြင်း၊

တတိယ - လျော့နည်းမှုအတွက် သောကထားခြင်း၊

စတုတ္ထ - ရှက်ရွံ့ခြင်းဖြင့် ချမ်းသာခွင့်တောင်းခံခြင်း၊

ပဥ္စမ - အခြားသူများကို အဲဒီကောင်းမှုအတွက် တိုက်တွန်းဖို့နဲ့ ဒုအ်ာဝသ်ပေး ဖိတ်ခေါ်ခြင်း၊

၃၃။ သဗ်လီးဂ်မှာ မည်သည့်အင်အားကိုမှ ဖယ်ရှားတွန်းလှန်ထုတ်ရန် မလိုပေ၊ ဒါ့အပြင် အခြေခံက ပြုပြင်ပြောင်းလဲဖို့အတွက်ပဲ၊ ဘုတာရုံမှာ အလံပြဝန်ထမ်းတွေ ခန့်ထားတယ်၊ လမ်းကြောင်း ပြောင်းပေးခြင်းရဲ့ရည်ရွယ်ချက်က ရထားက ဒီလမ်းက လာမှာ

စိုးရိမ်ရလို့ အခြားလမ်းက လာအောင် ရည်ရွယ်တာပါ။ လမ်းမှား မရောက်အောင် လမ်းမှန်သို့ လမ်းကြောင်းပြောင်းပေးခြင်းဖြစ်တယ်။

၃၄။ ကျွန်တော် (ရှားဟ်အဗ်ဒုလ်အဇီးဇ်) က အိလ်မ် (ပညာ) ကို ဝုဇူရဲ့ ဥပမာဖြင့် အမလ် (အလုပ်) ကို နမာဇ်ရဲ့ဥပမာဖြင့် ကနဦးက တင်ပြလေ့ရှိခဲ့ပါတယ်၊ ဤအချက်အပေါ်သတိပြုမိလာသည်မှာ ထိုသို့ ပမာတင်ပြမည့်အစား အိလ်မ် သာသနာ့ပညာကို ရှူးဟ်ဝိညာဉ်အဖြစ် အမလ်ကို ကိုယ်ခန္ဓာအဖြစ် ပြောင်းလဲ၍ သတ်မှတ်ပေးချင်တယ်၊

မှတ်ချက်။ ။ သဝ်လီးဂ်က ဘာလိုလားလဲ၊ အိလင်မ်နဲ့ အမလ် (ဝါ) ပညာနဲ့ကျင့်စဉ်ကို ပေါင်းစပ်ပေးခြင်းပဲဖြစ်ပါတယ်၊ မှန်ကန်သော သင်ပေးသင်ယူခြင်းအရ အမလ်လုပ်ရန်ဖြစ်ပါတယ်၊

အိလင်မ်ဆိုတာ ပုဒ်မှာ စာကင်န် (ဂျဇမ်) ပါရှိပါတယ်၊ စာကင်န်သည် တည်ငြိမ်မှုကို လိုလားပါတယ်၊ ထိုအိလင်မ်နဲ့ ဆန့်ကျင်သော အမလ်ဟူသောပုဒ်မှာ ဟရ်ကသ် အရဗီသရ (ဝါ) ဇဗရ်၊ ဇေရ်၊ ပေးရှ်ဖြစ်ပါတယ်၊ ထို့ကြောင့် ယင်းပုဒ်သည် လှုပ်ရှားဖို့အတွက် လိုလားတယ်၊

၃၅။ စစ်မှန်သောသဝ်လီးဂ်ဟာ အဘယ်မျှအနစ်နာခံ၍ကြိုးပမ်းမည်၊ ထိုမျှ လမ်းပွင့်၍ လုပ်ငန်းတိုးတက်အောင်မြင်လာပေမည်၊

၃၆။ သဝ်လီးဂ်ဆိုတာဘာလဲ၊ နဗီ ﷺ ရဲ့ဥယျာဉ်တော်မှာ ဥယျာဉ်မှူး ဖြစ်ခြင်း၊ သာသနာ့သစ်ပင်ရဲ့အရင်းအမြစ်များ ခိုင်ခံ့ အမြစ်တွယ် စေခြင်း၊

ယင်းနောက် ကြည့်ရှုစောင့်ရှောက်ခြင်း၊ ရေလောင်း ပေးခြင်း၊ လိုအပ်လျှင် သွေးပါ စတေးပေးရခြင်း၊ ဥယျာဉ်အသီး အပွင့်များ ဝေဝေ၍ စားသောက်နိုင်ခြင်း၊ ထို့အတွက် မျိုးပင်များ၊ ဆထက်ထမ်းပိုး စိုက်ပျိုးခြင်းကို သွားလာရင်ဝယ်ပိုက်လျက် လှုပ်ရှားခြင်း စသည်တို့ဖြစ်ပါတယ်။

၃၇။ ဆရာသခင်တစ်ပါးက လူတွေကို လက်နဲ့သတိပေးမှ ရတော့ မယ်၊ စကားနဲ့တော့ သူတို့ လက်ခံမှာမဟုတ်ဘူး၊ ဆိုလိုတာက အော်ဟစ်ဝေါက်ငမ်းပြီး ရိုက်ပုတ်ကြိမ်းမောင်း၍ ကောင်းရာ ကောင်းကြောင်းကို လုပ်နိုင်းမယ်လို့ မိန့်ကြားခဲ့တယ်၊ ဒီတော့ ကျွန်တော်ပြောလိုက်တယ်၊ ခွင့်လွှတ်ပါဗျာ၊ ခင်ဗျားက လက်တစ်ဖက်တည်းနဲ့ ပြုပြင်ဖို့ပြောနေတယ်ဗျာ၊ ကျွန်တော်တို့ သဝ်လီးဂ်မှာက လက်နှစ်ဖက်စလုံးနဲ့ တစ်ဦးချင်းစီကို ပြုပြင်ပေး ဖို့ ကြိုးစားနေတာပါ၊ ဆိုလိုတာက လက်ဝါးနှစ်ဖက်ဖြန့်ပြီး စုစု စည်းစည်း ညီညီညာညာ ချစ်ချစ်ခင်ခင် နူးညံ့သိမ်မွေ့စွာနဲ့ လုပ် ယူတာပါ၊

၃၈။ တစ်ခါတစ်ရံ တစ်ဦးတစ်ယောက်ကို သဝ်လီးဂ်ရဲ့မှုတွေ ပြောပြ

မယ်။ ဒါပေမယ့်လည်း အဲဒီပုဂ္ဂိုလ်က လုပ်ဖို့အတွက် အဆင်သင့် မဖြစ်လာတဲ့အခါ ဒီလိုပုဂ္ဂိုလ်ကို သပ်လီးဂ်ရဲ့ ဖိတ်ခေါ်မှုမပြုကြ တော့ဘူး။ ကောင်းပြီး၊ အနည်းငယ်စဉ်းစားတွေးတောပါဦး၊ မကောင်းတဲ့အရာက မကောင်းတဲ့သူကို ဘယ်တော့မှ အလွတ် မပေးတတ်ဘူးဆိုတော့ သူ့အတွက် မကောင်းတဲ့အလုပ်က သေချာနိုင်မာအမြစ်တွယ်သွားတယ်၊ မှတ်သားကြပါ၊ အလွန် ကောင်းမွန်တဲ့သပ်လီးဂ်လုပ်ငန်းလုပ်ကိုင်နေတဲ့သူက ကောင်းမှု ကိစ္စကို ဘာကြောင့် လက်လွှတ်ရမှာလဲ၊

၃၉၊ ကောင်းမှုကိစ္စတွေမှာ ကိုယ်တိုင်ကိုယ်ကျ အမလ်လုပ်ပြီး သူတစ် ပါးကို အဲဒီကောင်းမှုဘက် ဖိတ်ခေါ်တာက အလွန်အကျိုးရှိတယ်၊ စူးရှတယ်၊ ဒါပေမယ့် ကိုယ်တိုင်က ဘာအမလ်မှ မလုပ်ဘဲနဲ့ သူတစ်ပါးကို အဲဒီအမလ်လုပ်ဖို့ တိုက်တွန်းတာမျိုး၊ သတိပေး တာမျိုးကျတော့ သဘာဝမကျဘူးလို့ ထင်ကောင်း ထင်နေလိမ့် မယ်။ ဒီအထင်အမြင်က လုံးဝမှားပါတယ်။ အမှန်က အခြားသူ တွေကို အမလ်လုပ်ဖို့ဒအ်ဝသ်သင်ပေးနေရင်းနဲ့ ကိုယ့်ကိုယ်တိုင် အဲဒီအမလ်လုပ်ဖို့ လုပ်နိုင်စွမ်း (သောင်ဖ်ဖီးက်) ကို အလ္လာဟ်က ချီးမြှင့်မှာဖြစ်တယ်၊ အမလ်လုပ်ဖို့လည်း လွယ်ကူသွားတယ်၊ ဒါကြောင့် သူတစ်ပါးကို ပြောတာဆိုတာ အမှန်တကယ် ကိုယ့် ကိုယ်ကို အမလ်လုပ်ဖို့ ဖြစ်ပါစေလေ၊

၄၀။ အိလင်မ်အသိပညာအတိုင်း မကျင့်သုံးခြင်းဟာ ဇွလ်မ်နှိပ်စက်မှု ဖြစ်တယ်။ ဇွလ်မ်ဆိုတာ အရဗီစကားလုံးပါ။ ဇွလ်မ်ရဲ့အဓိပ္ပာယ် အဘိဓာန်မှာ တစ်စုံတစ်ရာကို သူ့နေရာနဲ့သူ မသုံးစွဲခြင်းဖြစ်ပါ တယ်။ ဆိုလိုတာက "နေရာမကျအောင်ထားတာ၊ နေရာတကျ အသုံးမပြုတာကို ဇွလ်မ်လို့ခေါ်တယ်၊ သူ့နေရာမှာ သူ့ကိုမထား တာ ဇွလ်မ်မတရားမှုပေ့ါ။

ဒါကြောင့် သိထားသင့်ပါပြီ၊ အိလင်မ်ရဲ့နေရာဌာနက လူသားဖြစ်တယ်၊ စာအုပ်တွေစာရွက်တွေမဟုတ်ဘူး၊ အ ကြောင်းကြောင်းကြောင့် အရေးကြီးလို့ အိလင်မ်ဆိုတဲ့ပညာကို စာရွက်တွေအပေါ်မှာ ထိန်းသိမ်းထားရပေမယ့် သူ့ရဲ့ဘူမိနက် သန် နေရာမှန်က ဘယ်မှာလဲ၊ အဲဒီနေရာအထိရောက်အောင် ပို့ပေးရမယ့်တာဝန်ရှိတယ်၊ ဆိုလိုတာက အဲဒီအမိန့်ကို အ ကောင်အထည်ဖော်ဖို့ကြိုးပမ်းရမယ်။

စစ်မှန်တဲ့ သာသနာ့အသိတရားတွေကိုလူသားတွေထံ ရောက်အောင် ပို့ရမယ်၊ စာအုပ်စာပေတွေထဲမှာပဲ သိမ်းဆည်း ထားလို့မရဘူး။ ဒါကြောင့် သဗ်လီးဂ်လုပ်ငန်းက အဲဒီမတရားမှုကို ဖယ်ရှားပြီး တရားမျှတမှုဖြစ်သွားအောင် ကြိုးပမ်းနေတာပါ။

၄၁။ အလ္လာဟ့်ကြီးကျယ်မှုကို ကြည့်ပါ။ သဗ်လီးဂ်ဆိုတဲ့လုပ်ငန်းက ဘယ်လောက်မြင့်မြတ်တဲ့အဆင့်ကို ရောက်ရှိနေပြီလဲ၊ မူလ

အမည်ကတော့ အလ္လာဟ်အရှင်ဘက်ကို ဖိတ်ခေါ်မှုဖြစ်တယ်။ ထိုအရှင်ရဲ့နာမဝိသေသနတွေကတော့ အလွန်ပဲပေါ်များတယ်။ များစွာသော ကောင်းခြင်းမင်္ဂလာတွေ၊ ထူးမြတ်မှုအနေနဲ့ ဂုဏ်ပုဒ်ပေါင်းများစွာ မတူညီ ကွဲပြားတဲ့အခြေခံအချက်အလက်တွေနဲ့ ရုပ်လုံးဖော်နေကြတယ်။ အလွန်အကျူးမပြောရင်တောင် သဝ်လီးဂ်ဆိုတာ အလ္လာဟ့်အမိန့်တော်၊ အလ္လာဟ့်ကိုယ်စားပြု၊ နဗီတွေရဲ့ပခုံးပြောင်းတာဝန်၊ ကိုယ်တော့်သောက၊ ဝလီတွေရဲ့ ရက်ရောမှုလို အလ္လာဟ်အရှင်အား အလုပ်အကျွေးပြုရုံမျှသာ ဖြစ်ပါတယ်။

၄၂။ အကြင်သူကို ဖန်ဆင်းရှင်က ကြီးမြတ်တဲ့အဆင့်အတန်း ချီးမြှင့်တော်မူခဲ့တယ်။ အကယ်၍ ထိုသူက မိမိရဲ့တမူ ထူးခြားမှုကို အောက်ချပြီး ကိုယ်ကျင့်တရားကောင်းကောင်းနဲ့ အဖန်ဆင်းခံတွေကို ဖန်ဆင်းရှင်နဲ့ တွေ့ဆုံမိတ်ဆက်ပေးရင် သူ့ရဲ့ရှုးရှမှုက မိတ်ဆွေတွေ ရှိုင်သွာန်တွေရဲ့ထောင်ချောက်က လွတ်မြောက်မှုရကာ နစ်ဘဝခေါင်းဆောင် တမန်တော်မြတ် ﷺ နဲ့အတူ ဂျန္နသ်သွားဖို့ အကြောင်းခံဖြစ်သွားမယ်။ သူ့ရဲ့ရာထူး၊ သူ့ရဲ့ဂုဏ်၊ ကျော်ကြားမှု၊ အာဏာပါဝါက သေချာရေရာသွားမယ်။ အဲဒါတွေက မနက်ဖြန် မီဇာန်ချိန်ခွင်မှာ ဆုလာဒ်၊ အကျိုးကုသိုလ်အဖြစ်နဲ့ အဒ်မာလ်ရဲ့စာရင်းစာအုပ်မှာ မှတ်တမ်းတင်ခြင်းခံရမယ်။

၄၃။ ကော်မရှင်က တစ်ရာ ရာနှုန်းပေးမယ်လို့ ဘယ်ကုမ္ပဏီနဲ့ ကုန်သည်မှ ပြောတာမကြားမိပါ။ သို့သော် ဘုရင့်တကာ့ဘုရင်၊ လောကအပေါင်းရဲ့ ဖန်ဆင်းရှင်က ဥပဒေတစ်ရပ် ချမှတ်ထားတယ်။ အကြောင်းသူက သူတစ်ပါးအား အမြဲတစေ ကောင်းမှုဘက်ကို တိုက်တွန်းနှိုးဆော်မယ်၊ လူအများ ကောင်းမှုလုပ်အောင် ကြိုးပမ်းမယ်ဆိုရင် ထိုသူ့ကို ရာနှုန်းပြည့် ဆုလာဘ်ချီးမြှင့်တော်မူမယ်။

၄၄။ အသင်တို့ ဘာကို သဗ်လီးဂ်လုပ်နေတာလဲ။

ထူးထူးခြားခြား ဘာမှမဟုတ်ပါဘူး။ သဗ်လီးဂ် ဘယ်လိုလုပ်ရမလဲဆိုတာ သင်ယူဖို့အတွက် သဗ်လီးဂ်လုပ်တာပါ။ သဗ်လီးဂ်ဆိုတဲ့ စကားလုံးကို လူတွေက ရှရီအသ်မှာပဲ သုံးကြတယ်၊ သဗ်လီးဂ်ရဲ့ပုံစံကို နေရာတိုင်းမှာ သုံးရမှာ သဗ်လီးဂ်ကို ကိုယ့်ပုံစံနဲ့ကိုယ် လုပ်နေကြတယ်၊ အွမ္မသ်သားတွေအတွက် သာသနာကို ယူဆောင်ပြီး လောကမြေပြင်ပေါ် လှည့်ပတ်သွားလာခြင်းက ကျွန်ုပ်တို့တမန်တော်ရဲ့နဗီရဲ့ရည်ရွယ်ချက်ဖြစ်သည့် အပြင် ကိုယ်စားလှယ်ဖြစ်ပါတယ်၊ နဗီတွေရဲ့ကိုယ်စား လှုပ်ရှားသွားလာနေရာအဆင့်သို့ ရှိပါတယ်။

၄၅။ အကြောင်းမှစ်လင်မ်က အရှင်မြတ်ရဲ့မည်သည့် ဇန္နာဟ်ကိုမဆို အရှင်မြတ်နဲ့ အဆက်အသွယ်ဖြစ်ဖို့အတွက် ကြိုးပမ်းခဲ့မယ်

ဆိုရင် ပထမဦးဆုံး အရှင့်ရဟ်မသ်က ဆက်သွယ်ပေးသူအပေါ် ကျရောက်မယ်၊ ပြီးနောက် တွေ့ဆုံခွင့်ရဖို့ ကြိုးပမ်းသူကလည်း ရဟ်မသ်တော်ရရှိမယ်၊

သမ္မတ (သို့) ဝန်ကြီးနဲ့ တစ်စုံတစ်ယောက်ကို တွေ့ခွင့် ရဖို့ ခေါ်ဆောင်သွားမယ်ဆိုရင် ဦးစွာ မိမိကိုယ်တိုင်က ထူးထူး ခြားခြား တွေ့ခွင့်ရရှိတယ်၊ ပြီးမှ မိမိမိတ်ဆွေက တွေ့ခွင့်ရမှာ ဖြစ်တယ်၊

☆☆☆

## သာသနာတော်ရဲ့လှူဒါန်းမှုကို ဘယ်အချိန်သိမလဲ၊

၄၆၊ အမလ်ကျင့်ကြံမှုအားကောင်းတဲ့ဂျမာအသ်နဲ့အတူ မိမိအချိန်ကို ကုန်ဆုံးစေခဲ့လျှင် ဘယ်လောက်လှူယ်ကူသလဲဆိုတာ သိခွင့် ရမယ်၊

အိလင်မ်ပညာရှင်အနီးအပါးမှာ ပညာရသလို အမလ် ရှင်တွေရဲ့အသိုင်းအဝိုင်းကနေ အမလ်လွယ်ကူစွာပြုခွင့်ရမယ်၊

၄၇၊ သာသနာရဲ့ဆုံးမစကားတိုင်းကို နလုံးသားထဲအထိ ရောက်ရှိ သွားအောင် ပို့ဆောင်နေရမယ့် ကြိုးပမ်းမှုဖြစ်တယ်၊

☆☆☆

# တိတ်ဆိတ်စွာဖြင့် ဖိတ်ခေါ်သူ

၄၈။ နှုတ်ဖြင့် သာသနာ့ဖိတ်ခေါ်မှုတစ်နည်းဖြစ်တယ်။ အခြားတစ်နည်းက အမလ်လုပ်ရပ်အားဖြင့်၊

မိမိရဲ့ကိုယ်ကျင့်တရားနဲ့ အပေးအယူများဟာ အကယ်၍ စွန္နသ်တော်နဲ့အညီ ပြုမူဆောင်ရွက်လာရင် နှုတ်နဲ့ဖိတ်ခေါ်တဲ့ ဒအ်ဝသ်စကားလိုပဲ သူ့ရဲ့လုပ်ရှားမှုတိုင်းက သာသနာတော်ရဲ့ အသံတိတ် ဖိတ်ခေါ်မှုဖြစ်ပါလိမ့်မယ်။

၄၉။ တမန်တော်မြတ် ﷺက မြင့်မြတ်မှန်ကန်တော်မူသောအရှင်မြတ်ရဲ့အကြီးကျယ်ဆုံးအချစ်တော်ဖြစ်တယ်။ မိမိရဲ့အချစ်အနှစ်ကို ဘယ်လိုပြသခဲ့သလဲဆိုတော့ အွမ္မသ်နောက်လိုက်သားတွေကို သဗ်လီးဂ်ဆိုတဲ့ သဝဏ်လွှာသင်ကြားပေးပြီး ချစ်ခြင်းခံရမယ့် ဒါအီ ဖိတ်ခေါ်သူဖြစ်စေတယ်။ သို့မှသာ အွမ္မသ်သားတွေလည်း အရှင်ရဲ့အချစ်ကို ရနိုင်ပါလိမ့်မယ်။

၅၀။ ဒွန္နယာရဲ့အလုပ်တွေအားလုံး ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်ရတယ်။ သာသနာတိုးတက်မှုနဲ့ မိမိကိုယ်ကိုပြုပြင်တဲ့ အလုပ်ကိုတော့ မျှော်လင့်အားထားမှုနဲ့ ဒုအာတောင်းဆုမှာသာ စွန့်လွှတ်ထားကြတယ်။ ဒါဟာ မှျတပါရဲ့လား။

၅၁။ အကယ်၍ ရမ်ဇာန်လမှာ မှန်မှန်ကန်ကန် သဝ်လီးဂ်လုပ်မယ်ဆိုရင် ထိုသူများသည် ရမ်ဇာန်လရဲ့ဗရိကသ်နဲ့ ခေတ္တယာယီ သူကောင်းသူမွန်ဖြစ်လာမယ်၊ နမာဇီဖြစ်လာမယ်၊ သူဟာ ရှေ့ဆက်လက်ပြီး အစဉ်တစိုက် အခြားသူတွေအတွက်လည်း ဒါအီဖြစ်လာပါလိမ့်မယ်၊

၅၂၊ အကယ်၍ ဟာဂျီများအပေါ် ကြိုးပမ်းအားထုတ်ခဲ့ပါမူ အဆိုပါဟာဂျီတွေ ဟဂ်ျကအပြန် မိမိတို့ရဲ့အိမ်မှုကိစ္စတွေ၊ အလုပ်အကိုင်တွေကို နေ့ရက်အနည်းငယ် နောက်ရွှေ့ပြီး ဒါအီအဖြစ်နဲ့ ဂျမာအသ် ပုံစံအနေနဲ့ သဝ်လီးဂ်ရဲ့အလုပ်ကိုလုပ်ရင် သစ်လွင်တဲ့ဟာဂျီရဲ့ဟဂ်ျရဲ့အစရ်ကြောင့် အဖန်ဆင်းခံတွေဟာ နစ်သက်လက်ခံရမယ့်အမလ်ဖြင့် သူမွန်သူမြတ်တို့ဖြစ်လာကြမယ်၊ ကောင်းမှုကိစ္စတွေမှာ စိတ်ပါလာကြမယ်၊

၅၃၊ သဝ်လီးဂ်ရဲ့နံပါတ် (၆) အရည်အချင်းက လက်နက် (၆) မျိုးနဲ့ ပမာတူတယ်၊ နဟ်ဖ်နဲ့ ရှိင်သွာန်လိုရန်သူကနေ ရှောင်ရှားဖို့ကယ်တင်ဖို့အတွက် ဒီလက်နက်က အလွန်ထိရောက်ပါတယ်၊ သို့သော် ဒီလက်နက်ကို သုံးစွဲနည်း မသင်ထားပဲနဲ့ အသုံးချမယ်ဆိုရင်တော့ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကို ဆုံးရှုံးအောင် လုပ်သလိုဖြစ်မယ်၊ ဒီလိုပဲ စည်းစနစ်မကျ ပေအူစူလီနဲ့ သဝ်လီးဂ်၊ ဒအ်ဝသ်အလုပ်ကို လုပ်ရင် အကျိုးမရှိပဲနဲ့ ဆုံးရှုံးနစ်နာစရာအကြောင်း

တွေ ပေါ်လာနိုင်ပါတယ်။

၅၄။ တစ်ဦးချင်းစီရဲ့ အကျိုးအမြတ်မှာရော အများရဲ့အကျိုးကျေးဇူး အပေါ်မှာပါ။ ကုရ်ဟာနီစဥ်းစားကြရမယ်။

၅၅။ အတွင်းရောဂါတွေထဲက တစ်မျိုးက ဒီလိုရှိတယ်၊ သာသနာ့ကြိုး ပမ်းမှုမရှိသူတွေမှာ ကိုယ့်ကိုယ်ကို ဘယ်လိုအပြစ်မှမရှိဘူးလို့ ထင်နေကြတယ်။

၅၆။ ဟဇ်ရသ်အိမာမ်မဲ့ဟ်ဒီ ﷺ က သာသနာ့ကြိုးပမ်းမှုကို လန်းဆန်းအောင်လုပ်ဖို့လာလိမ့်မယ်၊ သာသနာ့ကြိုးပမ်းမှုပြုသူ တွေကသာ အိမာမ်မဲ့ဟ်ဒီရဲ့ အနားမှာ ကြံ့ကြံ့ခံရပ်တည်နေမယ် ဆိုတာ ထင်ရှားပါတယ်။

၅၇။ လူတွေက ပြောကြတယ်၊ သဗ်လီးဂ်သမားတွေက နမာဇီဖြစ် အောင် လုပ်ပေးကြတယ်၊ အမှန်တကယ်က နမာဇီဖြစ်လာ အောင်လည်း ကြိုးပမ်းကြတယ်၊ နမာဇီဖြစ်အောင်လည်း တိုက် တွန်းကြတယ်။

သာသနာရဲ့တိုးတက်မှုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှုပြု ဖို့အတွက် ကြိုးပမ်းကြသူတွေက အချိန်အခါကျရောက်လာပြီဆို ရင် အသက်ကိုပေး သွေးစတေးမဲ့ မုဂျာဟစ်ဒ်တွေ ဖြစ်ကြသလို နမာဇီတွေလည်း ဖြစ်ကြတယ်၊

၅၈။ သဗ်လီးဂ်ဂျမာအသ်တွေက မိမိပတ်ဝန်းကျင်က ခွဲခွာပြီး အမလ်

ကျင့်ကြံမှုရဲ့ကွင်းပြင်ကို ရောက်ရှိပြီးဆိုရင် ဂျမာအသ်ထဲမှာ မိမိတို့ရဲ့အကြီးအကဲတွေဆီက ယူကြတယ်၊ လက်အောက်ငယ်သား လူသစ်တွေကို ပေးကြတယ်၊ ဒီအတိုင်းပဲ သာသနာတော်ကို သင်ယူဖို့ သင်ပေးဖို့အတွက် အလ္လာဟ့်လမ်းထွက်ကြတယ်၊ ထွက်ခိုင်းကြတယ်၊

၅၉၊ လူတစ်ယောက်က လာတိုင်တယ်၊ ကျွန်တော့်သားမက်က ကျွန်တော့်သမီးကို အိမ်မှာထားပြီး သဗ်လီးဂ်ထွက်သွားတယ်၊ ကျွန်တော်ပြောလိုက်ပါတယ်၊ အလ္လာဟ်ကို ကျေးဇူးတင်ပါ၊ ခင်ဗျားရဲ့သမီးက နဗီတွေရဲ့ခေါင်းဆောင် တမန်တော်မြတ် ﷺ ရဲ့ချစ်သမီးတော်၊ ဂျန္နသီအမျိုးသမီးတွေရဲ့သရဖူရှင် ဟဇ်ရသ်ဖာသွေမဟ် ﷺနဲ့ အနည်းငယ်ပုံစံတူသွားပြီ၊ သမက်တော် ဟဇ်ရသ်အလီ ﷺ လည်း သာသနာရဲ့သကာဇ လိုအပ်ချက်ပေါ်လာရင် တမန်တော်ရဲ့ချစ်သမီးကို အခေါက်ခေါက် အခါခါ ထားခဲ့ပြီးတော့ ခရီးအနီးအဝေးမရွေးပဲနဲ့ သွားခဲ့ပါတယ်၊

၆၀၊ ကုရ်အာန်ရဲ့ရည်ရွယ်ချက်ကို ပြည့်ဝအောင်ကြိုးပမ်းမှုမှာ ကိုယ်တိုင် ပါဝင်ပေးရန်၊ အခြားသူတွေကို ဒီကြိုးပမ်းမှုအတွက် ဖိတ်ခေါ်နေခြင်းဖြစ်တယ်၊

၆၁၊ နောင်တမလွန်ဘက်ကို ဘယ်လောက်တိုးမလဲ၊ မုချ ဒွန္နယာကနေ အဲဒီလောက်အနောက်ကို ဆုတ်ပြီးသားဖြစ်မယ်၊ သင်

လီးဂ်နဲ့ ပူးကပ်လိုက်ရင် ဒွန်နယာရဲ့ဖိကိရ်ဩသောက လျော့နည်းသွားမယ်၊ အာခိရသ်ရဲ့သောက တိုးလာမယ်၊ အာခိရသ်ကို ရှေ့မှာထားပြီး ဘဝကို လျှောက်လှမ်းမှု လွယ်ကူသွားမယ်၊ နေ့ရက်အနည်းငယ်အချိန်ပေးလိုက်ရင် ထိုသူရဲ့ဒွန်နယာက ဒီးန်ဖြစ်သွားမယ်၊

၆၂။ မုအဇ်ဇင်န်ဆိုတာ အလ္လာဟ်အရှင်ရဲ့နန်းတော်မျှော်စင်ပေါ်ကနေ ဖိတ်ခေါ်သူ၊ စစ်မှန်သော အရှင်ရဲ့တံခါးမှူးဖြစ်တယ်၊ အလ္လာဟ်ကြီးကျယ်မှုကို လန်းဆန်းအောင်လုပ်တယ်၊ ကလိမဟ်ရှင်တွေရဲ့ယကီးန်ကို ဆန်းသစ်အောင်လုပ်ပေးတယ်၊ အလ္လာဟ်သာသနာရဲ့အကြီးမားဆုံး အစိတ်အပိုင်း (နမာဇ်) ရဲ့ဖိတ်ခေါ်သူလေ၊ သူ့ကိုဂုဏ်ပေးလေးစားရန် တန်ဖိုးထားရန် အလွန်အရေးကြီးတယ်၊

၆၃။ ဒအ်ဝသ်နဲ့ ကြိုးပမ်းမှုကတော့ နွတ်စ်ရသ်အကူအညီအရမယ့်အကြောင်းခံတွေပဲ၊ ယင်းအကြောင်းခံတွေက ဒီလိုရှိတယ်၊ ၄င်းနဲ့အတူ မုချ အလ္လာဟ်အရှင်ရဲ့ကူညီစောင်မမှုရှိမယ်၊

၆၄။ တိုးတက်မှု၏လျှို့ဝှက်ချက်

ယနေ့ ကျွန်တော်တို့ တိုးတက်ချင်တယ်ဆိုရင် အနောက်ကိုဆုတ်ရင်းဆုတ်ရင်းနဲ့ ခိုင်ရလ်ကုရွူန် အကောင်းဆုံးခေတ်သမယကို ရောက်ရှိအောင်သွားကြရမယ်၊ ဥပမာ – ဟုဒိုင်ဗီယဟ်တိုက်ပွဲရဲ့ငြိမ်းချမ်းရေးစာချုပ်က အဖြစ်အပျက်ကဲ့သို့

အပေါ်ယံအနေနဲ့တော့ အနောက်ကို ဆုတ်တဲ့သဘောပေါ့။ ခေတ်နောက်ပြန်ဆွဲသလို အမှန်တကယ်တော့ အရှေ့ကိုတိုးပြီး ချီတက်တာပါ။

၆၅။ ပထမဦးဆုံး သာသနာအတွက် ကြိုးပမ်းပါ။ ခြေလှမ်းစလှမ်းပါ။ ပြီးမှ အလ္လာဟ်အရှင်လက်ခံဖို့ ဆုလာဘ်တွေရရှိဖို့အတွက် လက်ဖြန့်ပါ။ စဉ်းစားကြည့်ပါ။

နမာဇ်ငါးကြိမ်မှာ ပထမဆုံး၊ အိမ်တွေ၊ ဆိုင်တွေ၊ ရုံးခန်းတွေကို နေ့စဉ်ငါးကြိမ်တော့ လက်လွှတ်ထားရတယ်။ အလုပ်တွေ၊ သားသမီးတွေကနေ ခေတ္တခဏ မျက်နှာလွှဲပြီး အလ္လာဟ်နာမတော်ကို တသဖို့အတွက် အိမ်ကနေထွက်ပြီး ဗလီဘက်ကို ခြေလှမ်းလှမ်းကြရတယ်။ ပြီးနောက်မှ ဝုဇူလုပ်၊ နမာဇ်ဖတ်ကာ အဆုံးကျမှ လက်နှစ်ဖက်ကိုဖြန့်ပြီး အလ္လာဟ့်ထံတော်ကနေ လိုတာမှန်သမျှတောင်းရတယ်။ ဒီတော့မှ အလ္လာဟ်က ဗန္ဒာဟ်ရဲ့ တောင်းခံဆုပန်မှုကို နှစ်သက်လက်ခံရမယ်။

၆၆။ သဗ်လီးဂ်အလုပ်လုပ်နေသူတွေမှာ လူဟောင်းဆိုတာ ထိုပုဂ္ဂိုလ်လို့သာ သတ်မှတ်လို့ရမယ် ။အကြင်ပုဂ္ဂိုလ်က တစ်စုံတစ်ရာ သာသနာ့သကာဇာ၊ အီမာန်သကာဇာ အရေးတကြီးပေါ်လာရင် မိမိလုပ်ငန်းတွေကို ရှေ့တိုးနောက်ဆုတ်လုပ်လိုက်မယ်။ ဒွန္နယာ အလုပ်တွေကို မေ့သွားရမယ်။ ချစ်နဗီရဲ့လုပ်ငန်းစဉ်ကို ရှေ့တန်း

တက်လာမယ်၊ အကယ်၍ အကြင်သူက သကာဇာပေါ်လာလို့ ဒီလိုမဖြည့်ဆည်းရင် သူ့ကို လူဟောင်းလို့မခေါ်ဘူး၊ အခုသူက သူစိမ်းဖြစ်သွားပြီ၊

၆၇၊ "ဟတ်ကေ့ သအာလာ" စစ်မှန်ကြီးမြတ်တဲ့ ဖန်ဆင်းရှင်ရဲ့ နှစ်သက်ကျေနပ်မှုအတွက် သက်သက် နီယသ်နဲ့ အဖန်ဆင်းခံတွေကို ခိဒ်မသ် အလုပ်အကျွေးပြုစုတာပါ၊

၆၈၊ သဇ်လီးဂ်ရဲ့အကျိုးကျေးဇူး မြောက်မြားစွာရှိပါတယ်၊ ၄င်းတို့အနက်မှ အချို့ဤသို့ရှိပါတယ်၊ "အလ္လာဟ်" လောကအပေါင်းရဲ့ ဖန်ဆင်းရှင်၏ အမြင့်မြတ်ဆုံး ဇာတိဂုဏ်တော်အပေါ်မှာ နလုံးသားထဲက "ယကီးန်" ယုံကြည်အားထားမှု မြဲမြံခိုင်မာလာမယ်၊ အကြည့်တွေမှန်ကန်လာမယ်၊ အကြားအသိတွေ တည့်မတ်လာမယ်၊ အပြောအဆိုတွေ နူးညံ့ချိုသာလိမ္မာလာမယ်၊ မိမိစိတ်ဆန္ဒတွေကို ချုပ်တည်းထိန်းသိမ်းနိုင်မယ်၊ အဖန်ဆင်းခံတွေအပေါ် မုန်းတီးရွံရှာမှုအစား ကြင်နာတဲ့စိတ်နဲ့ သောကများပေါ်ပေါက်လာမယ်၊ မာန်မာနအစား ရိုကျိုးနိမ့်ချတတ်လာမယ်၊ သဇ်လီးဂ်နဲ့ ထိတွေ့မိရင် သည်းခံစိတ်ရှည်မှုရဲ့အထူးခြားဆုံး သင်ခန်းစာကို လေ့ကျင့်ခွင့်ရမယ်၊

၆၉၊ နမာဇ်ထွက်မြတ်မှုကို သိမြင်လာပြီဆိုရင် မှန်မှန်ကန်ကန် ဇတ်တတ်ဖို့ သင်ယူရန်အတွက်က သုံးကျိလ္လာဟ် လေးလဆိုတာ

ဘယ်နည်းနဲ့ လုံလောက်နိုင်မလဲ၊ လေးလအတွင်းမှာ တစ်စုံတစ်ယောက်ရဲ့နမာဇ်မှန်ကန်သွားပြီဆိုရင် ဒါဟာ တကယ့်ကို ကောင်းကျိုးရလာဒ်ပဲ။

၇၀။ သင်္ချိုင်းမှာ နမာဇ်နဲ့ပတ်သက်ပြီး ပြောတာဆိုတာတွေ ကြားနာရတယ်။ ဒီသဘောက နမာဇ်ကို ဖတ်ချင်သလို ဖတ်ဖို့မဟုတ်ပါ။ နမာဇ်ကို ဂျမာအသ်နဲ့တကွဖတ်ခြင်း၊ နမာဇ်ရဲ့အစိတ်အပိုင်းတွေကို တိကျမှန်ကန်စွာ ပြုလုပ်ပြီး အဲဒီနမာဇ်ဟာ ဖတ်သူကို အပြစ်များမှ စွန့်လွှတ်စေသည်အထိ ကြိုးပမ်းသွားရမယ်။ ဒီ့အပြင် နမာဇ်ရဲ့ပြင်ပအချိန်မှာလည်း စူးရှစေပြီး ဖန်ဆင်းရှင် ကျေနပ်နှစ်သက်လောက်အောင် ဆောက်တည်ရပေမည်။

၇၁။ "အာလာမေအရ်ဝါဟ်" ဝိညာဉ်လောကမှာ ဝိညာဉ်အားလုံးက မိမိဖန်ဆင်းရှင်ကို ဖန်ဆင်းရှင်အဖြစ် လက်ခံခဲ့ပါတယ်။ တစ်ဖန် မမြဲသောလောကမှာ ရောက်ရှိလာပြီး မေ့လျော့ခြင်းနဲ့ အခြားသောအကြောင်းများကြောင့် ယခင်ပြုခဲ့သောကတိကို မေ့လျော့၍နေရာမှ ယင်းကတိကို သင်္ချိုင်းမှာ ပြန်လည်သတိလုပ်ကာ လန်းဆန်းအောင်ပြုလုပ်ရမယ်။

၇၂။ ဒီအွမ္မသ်သားတွေအနေနဲ့ မိမိနဗီရဲ့အမွေအနှစ် ဘာတွေရခဲ့သလဲလို့ တစ်စုံတစ်ယောက်က မေးလာရင် အမှန်ဆုံးအဖြေက မိမိတို့နဗီရဲ့ချစ်စရာဘဝနေထိုင်မှုနည်းစနစ်၊ သာသနာ့သောက၊

အဲဒီသောကအတွက် သွားလာလှုပ်ရှားခြင်းရဲ့အမွေတွေသာ ရရှိခဲ့ကြတာပါ။

၇၃။ အကြွင်းသူ့ရဲ့ပြုပြင်မှုဟာ တစ်ဆင့်ချင်း တစ်ဖြည်းချင်း ဖြစ်လာလိမ့်မယ်။ အဲဒီနောက် နိုင်မာသွားမယ်။ ကြည့်ပါ၊ ရေကို တစ်ငုံစီနားပြီး သောက်ရင် ရေငတ်ပြေရုံသာမက အလွန်အတန်ကြာအထိ ရေမငတ်နိုင်ပါ။ အကြွင်းသူက တစ်ကျိုက်ထဲနဲ့ ရေတွေအများကြီးကို သောက်လိုက်တယ်ပဲထားဦး၊ တစ်ခါတစ်လေ ဒုက္ခဖြစ်တတ်တယ်၊ ရေငတ်ပြေနေမယ်၊ ဗိုက်လေးသွားမယ်၊ နားနားပြီး သောက်ခြင်းဟာ စွန္နသ်လည်းဖြစ်တယ်၊

၇၄။ သဗ်လီးဂ်လုပ်ငန်းရဲ့ဦးတည်ချက်ဟာ အများအားဖြင့် အခြားသူတွေအတွက် ဖြစ်နေတယ်၊ အစကနဦး မိမိကိုယ်ကို ပြင်ရတယ်၊ ပြီးနောက် အခြားသူတွေကို သတိပေးခြင်းနဲ့ အမလ်ကျင့်စဉ်ဘက်သို့ ဆွဲဆောင်ခြင်းဖြစ်တယ်၊

၇၅။ ဥပမာ – လုပ်မတတ်ရင် ပြောမတတ်ပါ၊ သောက ပြောရင်းနဲ့ရော၊ လုပ်ရင်းနဲ့ပါ ဒအ်ဝသ်ပေးမှသာ အလုပ်လုပ်ရတာ လွယ်ကူလာမယ်၊ အဲဒါကို သေချာသိဖို့လိုတယ်၊

၇၆။ ဒွန္နယာရဲ့အလုပ်တွေကို အကျိုးအမြတ်မသေချာ၊ မျှော်လင့်ချက်မျှသာဖြစ်ပါတယ်၊ အကျိုးအမြတ်ရဲ့နေရာမှာ ဆုံးရှုံးမှုလည်း ပေါ်လာနိုင်ပါတယ်၊ သာသနာတော်ရဲ့စကားရပ်တိုင်းက အကျိုး

အမြတ်သေချာတယ်၊ လုံးဝယုံကြည်တယ်၊ ရကိုရမယ်၊ ကြိုးပမ်းမှုက အရာမထင်မဖြစ်တတ်ဘူး၊ ဒွန္ဒယာမှာ တစ်စုံတစ်ရာမရရင်တောင် အာခိရည်မှာ တစ်ခုမကျန် အကုန်ရမှာပါ၊

၇၇၊ သာသနာတော်မှာ ကိစ္စရပ်တိုင်းက အဆင့်အတန်းမြင့်မားတယ်၊ အချို့ကိစ္စတွေက အလွန့်အလွန်ကြီးကျယ်တယ်၊ မြင့်မြတ်တယ်၊ သဝ်လီးဂ်လုပ်ဖို့ကလည်း အကြီးကျယ်ဆုံးထဲက အမြင့်မြတ်ဆုံးပဲ၊ ဒါကြောင့် နဗီဘွဲ့ရဲ့ရည်ရွယ်ချက်ဖြစ်တယ်၊ တမန်တော်က အွမ္မသ်တစ်ရပ်လုံးထက် ထွတ်မြတ်ပါတယ်၊ ကျွန်ုပ်တို့ တမန်တော်က အားလုံးထက် ကြီးကျယ်မြင့်မြတ်ပါတယ်၊ တမန်တော်နှင့်ထိုက်တန်သောရည်ရွယ်ချက်ကို တမန်တော်ဖြစ်သည့်အားလျော်စွာ ပေးသနားပါတယ်၊ ပေါ်လွင်ထင်ရှားလာသည်မှာ - ယင်းရည်ရွယ်ချက်ဟာ အမြင့်တကာ့အမြင့်ဆုံးသည်သာ ဖြစ်နိုင်တယ်၊

၇၈၊ အချိန်ဆိုတာ အနည်းတကာ့အနည်းဆုံး၊ အများတကာ့အများဆုံးဖြစ်စေဦးတော့၊ အဖိုးတန်ကြီးပဲ၊ အဲဒီအချိန်ကို တိကျမှန်ကန်တန်ဖိုးထားစွာ ဂရုစိုက်ပြီး ပန်းတိုင်ကို ရောက်အောင်ကြိုးပမ်းရမယ်၊

အချိန်ကို ပိုင်းခြား အလုပ်များစွာ
ရာထောင်မက ပြုနိုင်ကြ၏၊

၇၉။ တစ်နေ့သောအခါ အချို့သောကျေးတောသားများက ဟာဇရသ် ဟာဖိဇ် ဖတ်ခ်ရှဒ္ဒီးန် ဆွာဟိဗ် ပါနီပတ်သီ က သဝ်လီးဂ်နဲ့ စပ်လျဉ်း၍ ဒီလိုမိန့်ခွန်းခဲ့ပါတယ်၊ အဘယ်မျှ အိုမင်းစွမ်းအင်ကုန်ခမ်းနေသော အမယ်အိုဖြစ်ပါစေ၊ ဒါန်းရှက်ကြိတ်ပြီး ရေ့ဝယ်ထားပြီး ကြည့်နေရုံနဲ့ အရောင်မထွက်ပါ၊ ဆိုးမှသာ အရောင်ထွက်ပြောင်လာမယ်၊

ဒီလိုပါပဲ သဝ်လီးဂ်မှာ အစုလ်နဲ့အညီ နေ့ရက်အနည်းငယ် အချိန်ပေးလိုက်ရင် သာသနာ့အရောင် တောက်ပြောင်လာမယ်လို့ ရှားအဗ်ဒုလ်အဇီးဇ် (ရဟ) က မိန့်ဆိုခဲ့ပါတယ်၊

၈၀။ သဝ်လီးဂ်ကြိုးပမ်းမှုရဲ့ရည်ရွယ်ချက်က ရှေးသူတော်ကောင်းတွေရဲ့သောကဝေစုဥ်ပါဝင်ခြင်း၊ သူတို့ရဲ့အမှတ်တရတွေကို လန်းဆန်းစေဖို့ အလ္လာဟ့်အချစ်တော်ရဲ့ကိုယ်ကျင့်တရားကို ချစ်တတ်အောင်သင်ယူဖို့ဖြစ်ပါတယ်၊

၈၁။ သဝ်လီးဂ်ရဲ့ကျိုလ္လာဟ်တွေမှာ အတွင်းရောဂါများကို ဥပမာ - သာသနာနဲ့ တလွဲတချော်စီ လျှောက်လှမ်းခြင်းအဖြစ်ကို အပြစ်လို့ မယူဆဘဲ ဆုံးရှုံးစေမယ့် ယင်းရောဂါများကို ထိရောက်စွာကုသနိုင်ခြင်းဟာ အောင်မြင်မှုလမ်းစဖြစ်ပါတယ်၊

၈၂။ ဘယ်ရာဘီ ဘယ်အချိန် ဘယ်ပစ္စည်း အဝယ်လိုက်သလဲ၊ အဲဒီပစ္စည်းကို ပြေးလွှားရှာဖွေပြီး အပူတပြင်းနဲ့ ကြိုးစားကာ ရောင်းကုန်ကို အဆင်သင့်လုပ်ထားရတယ်၊ သို့မှသာ အကျိုးအမြတ်ရရှိပါ့မယ်၊ ဒီကနေ့ သာသနာတော်ရဲ့ဈေးကြီးထဲမှာ အခြားဆိုင်တွေထက်ကို သာသနာယုံကြည်မှု၊ ဖိတ်ခေါ်သံ၊ အိမ်တိုင်ယာရောက် လိုက်လံရှာဖွေဖိတ်ခေါ်မှု၊ အာခိရသ်ရဲ့သောက၊ အလ္လာဟ်အရှင်မြတ်ကို တသမှုတွေကို တောင်းဆိုနေပါတယ်၊ ဒီအချိန်မှာ အကြွင်ပုဂ္ဂိုလ်က ကုရ်ဗာနီစွန့်လှူ အနစ်နာခံ စတေးပြီးတော့ အလွန်များပြားတဲ့ အကျိုးကုသိုလ်တွေကို ရယူလိုက်မယ်ဆိုရင် ထာဝရ တည်တံ့မြဲမြံတဲ့ နောင်တမလွန်သက်တမ်းမှာ အခွင့်ထူးတွေရရှိမှာဖြစ်တယ်၊

၈၃။ မုဟမ္မဒ် ﷺ ရဲ့ဆက်နွယ်မှုရရှိမယ့်အပေါ် ထောင်သောင်းမကသိန်းသန်းကုဋေ ကုရ်ဗာနီတွေပေးမှရမှာ၊ သဗ်လီးဂ်အလုပ်ကတော့ နဗီတွေရဲ့ဆက်နွယ်မှုရရှိမယ်၊ ဒီအလုပ်မှာ အကျိုးကုသိုလ်တွေ အလွန်အလွန်များပြားရခြင်းဟာ နဗီတွေရဲ့ဆက်စပ်မှုရှိလို့သာဖြစ်တယ်၊ အားလုံး တမန်တော်များနဲ့ အဆက်အသွယ်ဖြစ်ဖို့ရာ ဒီအလုပ်သာဖြစ်တယ်၊ အထူးသဖြင့် နဗီတွေရဲ့ခေါင်းဆောင်ဟဇ်ရသ်မုဟမ္မဒ်မွဆ်သဖာ ﷺ ရဲ့နှလုံးသားထဲမှာ ဦးနှောက်ထဲမှာ အချိန်တိုင်း မင်းမူနေတဲ့ ဖိကိရ်သောက၊ ကျွန်တော်တို့ရဲ့

သာသနာ့သောကကို အချစ်တော် ﷺ ရဲ့သောကနဲ့ နိုင်မာတဲ့ အဆက်အသွယ်ပြုလုပ်ခြင်းဟာ ထိုသောကနဲ့ ဆင်တူခြင်းဖြစ်ပါလိမ့်မယ်။

၈၄။ အဇာန်မှာလည်း မြင့်မြတ်တဲ့ ကလိမဟ်တော်ဘက်သို့ ဖိတ်ခေါ်သူဟာ မုအဇ္ဇင်နပ်ပါ။ အခက်အခဲမရှိဘဲ တစ်နေရာမှာ မတ်တပ်ရပ်ပြီး ဒအ်ဝသ်ပေးနေတယ်၊ အဲဒီမုအဇ္ဇင်ရဲ့ အဇာန်ပေးတဲ့ ဆဝါးဗ် ဘယ်လောက်အများကြီးသလဲ စဉ်းစားကြည့်ပါ။ ဒါပေမယ့် သူ့ရဲ့ဒအ်ဝသ် တစ်ရက်ကွက်စာပါပဲ၊ မြို့ရွာတိုင်း လှည့်လည်သွားလာကာ အလ္လာဟ်ရဲ့ကလိမဟ်တော်ကို မြင့်တင်ဖို့ အခက်အခဲတွေကို ရင်ဆိုင်နေကြတဲ့ ဒါအီတွေရဲ့ အဆင့်အတန်း၊ အလ္လာဟ်စွဗ်ဟာနဟူ ဝသအာလာက ဘယ်လောက်ချစ်လိုက်မလဲ၊ အဘယ်မျှ အလ္လာဟ်ရဲ့နှစ်သက်ခံရတဲ့ ဗန္ဒာဟ်ဖြစ်မယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်၊ မုအဇ္ဇင်နက ဒါအီ ဖိတ်ခေါ်သူဖြစ်တယ်၊ အဇာန်က ဒအ်ဝသ်ပေးခြင်းဖြစ်တယ်၊ တမန်တော် ﷺ ရဲ့အောက်ပါဒုအာဖြင့် ထင်ရှားစွာပေါ်လွင်ပါတယ်၊ အဲဒီဒုအာကို တမန်တော်မြတ် ﷺ က အဇာန်အသံကို နားထောင်အဖြေပေးပြီးနောက်မှာ တောင်းဆုခြွေခဲ့တယ်၊

အဓိပ္ပာယ်

အိုး...အလ္လာဟ်၊ ဤပြီးပြည့်စုံတဲ့ ဖိတ်ခေါ်မှုရဲ့ဖန်ဆင်းရှင်၊ မကြာမီ

ဆောက်တည်ရမယ့် ဆွလာသ်ရဲ့ရှင်၊ မုဟမ္မဒ် ﷺ အားအမှီသဟဲ အကြောင်းခံနှင့် ထူးမြတ်မှုများ ချီးမြှင့်တော်မူပါ၊ တမန်တော်မြတ် ﷺ အား အရှင်မြတ်က ကတိပေးတော်မူခဲ့သည့် မကာမေမဟ်မူးဒ်အား ချီးမြှင့်တော်မူပါ၊ ဧကန်အမှန် အရှင်မြတ်သည် မိမိ၏ကတိတော်အားပြည့်ဝအောင် ဖြည့်ဆည်းတော်မူပါသည်၊ ဟဒီးဆ်တော်၌လာရှိသည်၊ အဇာန်ဆိုပြီးနောက် တောင်းဆိုသောဒုအာကို အရှင်မြတ်က ကဗူလ်လက်ခံတော်မူတယ်၊

၈၅၊ သဝ်လီးဂ်နှင့် သာသနာ့ဖိတ်ခေါ်မှုသည် ကောင်းမှုကုသိုလ်အားလုံး၏ရေသောက်မြစ်ဖြစ်တယ်၊ ကောင်းမှုဟူသရွေ့သည် သဝ်လီးဂ်ကို အကြောင်းခံ၍ လောက၌ ပျံ့နှံ့သွားခဲ့သည်၊ ထို့ကြောင့် အလွန်အကြူးမဖွဲ့ဆိုဘဲ ကောင်းမှုတို့၏မိခင်ဟု တင်စားခြင်းကို လက်ခံထိုက်ပေသည်၊ ယနေ့အချိန်အခါမှာ သဝ်လီးဂ်ဟူသည့်စကားလုံးကို သတ်မှတ်ပြဌာန်းလိုက်တယ်၊ သဝ်လီးဂ်ရဲ့လုပ်ရပ်က သဘာဝကျတယ်၊ ဒါကြောင့် စိုးရိမ်စိတ်တွေနဲ့တော့ အောင်မြင်မှုရမှာမဟုတ်ဘူး၊ အကယ်၍ သဝ်လီးဂ်လုပ်ငန်းစဉ်ကို အချိန်အနည်းငယ်မှာ သင်ယူလိုက်မယ်ဆိုရင် အောင်မြင်မှုရနိုင်တယ်၊

၈၆၊ မိမိကိုယ်ကို ကောင်းအောင်လုပ်နိုင်မယ့်အစီအစဉ်က သဝ်လီးဂ်လုပ်ရန် လွယ်ကူမယ်၊ အောင်မြင်မယ်၊

၈၇။ သဝ်လီးဂ်ရဲ့ကျိုလ္လာဟ်တွေမှာ ဒီလုပ်ငန်းစဉ်က ကောင်းကောင်း လည်ပတ်နေတယ်။ အကြီးအကဲတွေဆီက ယူတယ်၊ အငယ် တွေကိုပေးတယ်၊ တစ်စုံတစ်ယောက်ဆီက သင်ယူတယ်၊ တစ်ဦးတစ်ယောက်ကို သင်ပေးတယ်၊ နဗီတမန်တော်မြတ် ﷺ များလည်း ကြီးကျယ်မြင့်မြတ်လှသော ဖန်ဆင်းရှင်ထံတော်မှ သာသနာကို ယူတယ်၊ မိမိထက် အငယ်ဖြစ်တဲ့ အွမ္မသ်နောက် လိုက်တွေကို သာသနာအားပေးလေ့ရှိတယ်၊ ဒီအပေးနဲ့အယူက ဘယ်လောက်မင်္ဂလာရှိလိုက်သလဲ၊ ဘယ်လိုကြီးကျယ်သလဲ၊ တွေးကြည့်စမ်းပါ။

၈၈။ အမေး - မုစ်လင်မ်နှစ်ဦးစလုံးက ဘာအမလ်မှမရှိကြဘူးဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုပြုပြင်ပေးနိုင်ပါ့မလဲ၊

အဖြေ - နှစ်ဦးစလုံး ဒါအီဖြစ်တယ်ဆိုရင် တစ်ဦးက နောက် တစ်ဦးကိုအာခိရသ်ရဲ့အကြောင်းတင်ပြမယ်၊ အီမာန်ရဲ့ဒအ်ဝသ် ကိုပေးမယ်၊ နှစ်ဦးစလုံးရဲ့ပင်ကိုယ်စူးရှမှုနဲ့ လက်ခံလိုက်ကြမယ်၊ အမလ်လုပ်ချင်စိတ် ပြင်းပြစွာပေါ်လာမယ်၊ ဥပမာ - လက်နှစ် ဖက်စလုံး အေးစက်နေရင် လက်တစ်ဖက်နဲ့တစ်ဖက်ကို ပွတ်တိုက်လိုက်ရင် အပူဓာတ်က အတွင်းကနေ ထွက်လာမယ်၊

ကြားဖူးနားဝ ပညာရပ်တစ်ခုက ကြေးကို ရွှေဖြစ်အောင် လုပ်တဲ့နည်းတစ်စုံတစ်ယောက်မှာ ရှိခဲ့တယ်၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊

မသေချာတဲ့ မျှော်လင့်ချက်နဲ့ ဗိုလ်ထိုးဖို့အတွက် မိမိကိုယ်တိုင် မဟုတ်သော်မှ မိဘဘိုးဘွားတို့ ရှာဖွေခဲ့တဲ့ ရွှေတိုငွေစကို ဗိုလ်ထိုးရာ ဆရာတစ်ယောက်ကတော့ အောင်မြင်သွားတယ်၊ ဒါပေမယ့် ဒီရလိုမှုကို အကြောင်းပြုပြီး လူထောင်သောင်းမက လောကကို နှုတ်ဆက်သွားခဲ့ကြပြီ၊ ဉာဏ်ကြီးရှင်တွေက ပြောကြတယ်၊ အဂိတ်ရတ်ပညာ တကယ်ရှိတယ်၊ အချို့က မရှိဘူး၊ ဒါ အမှန်တော့ စိတ်ကူးယဉ်ကမ္ဘာမှာ ကျော်ကြားတဲ့ပညာရပ်ပဲ၊

သဝ်လီးဂ်ရဲ့ သဝဏ်လွှာက မှန်ကန်တဲ့အစူလ်စည်းကမ်းနဲ့အညီ လအနည်းငယ်လောက် ဆက်တိုက်အချိန်ပေးပြီး အသုံးချလိုက်ရင် ဗိုလ်ထိုးလို ရွှေရချင်လည်းရမယ်၊ မရချင် မရဘူး၊ သဝ်လီးဂ်ရဲ့ဗိုလ်မှာ ထိုးရင်တော့ မုချ လအ်နသ်ကျိန်ဆဲခံရသောလောကဟာ အဲဒီလောကဟာ ရဟ်မသ်ကရဏာနဲ့ ထိုက်တန်အောင် ပြုလုပ်ပေးလိုက်ပါတယ်၊ အချို့စကားတွေဟာ အရေးယူခြင်းခံရဖို့ ထိုက်လာတယ်၊ အဲဒီစကားတွေမှာအဆုံးမှာ အစားပေးခြင်းခံလိုက်ပါတယ်၊ ကောင်းမွန်တဲ့အကျင့်ဓလေ့တွေကနေ အိဗာဒသ်ဖြစ်လာပြီး အဲဒီကနေ မအ်ရိဖသ်နဲ့ ဟကီကသ်ဆိုတဲ့ အဆင့်အမြင့်ဆုံးကို ရောက်ရှိသွားမယ်၊

၈၉၊ သာသနာ့ကြီးပမ်းမှုအတွက် အဦးဆုံး ဥစ္စာပစ္စည်းကို သုံးစွဲကြရ

မည်။ ပြီးနောက်မှ စိတ်ရောဂကိုယ်ပါ အခက်အခဲများအပေါ်မှာ အနွံတာခံရမယ်။ ကုရ်အာန်ကျမ်းတော်မြတ်က ဥစ္စာပစ္စည်းကို အဦးဆုံး အနစ်နာခံသုံးစွဲရန် မိန့်ရှိထားပါတယ်။ အသင်တို့ရဲ့ဥစ္စာ ပစ္စည်းနှင့် အသင်တို့ရဲ့အသက်ခန္ဓာကိုယ်ပါ အတည်ကြိုးပမ်းကြ ပါကုန်။

၄၀။ မိမိတို့ဥစ္စာနှင့် မိမိတို့၏အသက်ခန္ဓာကိုယ်ပါ အလ္လာဟ်အရှင် ကျေနပ်နှစ်သက်ရန် သုံးစွဲ၍ ကြိုးပမ်းကြကုန်၊ ဒွန္နယာရဲ့လယ် ယာအပေါ် အကျိုးအမြတ်ရဲ့ မျှော်လင့်ချက်နဲ့ အောင်မြင်သည် ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ၊ ကြိုးပမ်းနေကြတယ်၊ အာခိရသ်ရဲ့ လယ်ယာအတွက် အောင်မြင်မှုသေချာတယ်၊ အာခိရသ်ရဲ့ အကျိုးအမြတ်သေချာရေရာတာတောင်မှ အာခိရသ်ရဲ့လယ် ယာအပေါ်မှာကြိုးပမ်းဖို့ကျွန်ုပ်တို့နောက်ဆုတ် ရှောင်ဖယ်နေကြ တယ်။ အမှန်စင်စစ်မှာ ဒွန္နယာရဲ့အကျိုးအမြတ်က အထင်အမြင် မျှော်လင့်ချက်သာဖြစ်တယ်၊

၄၁။ နိုင်လုံသောဟဒီးဆ်တော်မှာ ဂျူမှုအဟ်သောကြာနေ့ရဲ့ထွတ် မြတ်မှုနဲ့ ပတ်သက်ပြီး လာရှိပုံက

အကြင်သူဟာ အားလုံးထက်အလျင် ဂျူမှုအဟ်နမာဇ် ဖတ်ဖို့ ရောက်ရှိလာပါယ်ဆိုရင် သူ့ကို အရှင်မြတ် အဘယ်မျှနှစ် သက်သလဲဆိုတာ ပမာဏအားဖြင့် သူက အလ္လာဟ့်လမ်းမှာ ကုလား

အုတ်ကုရ်ဟာနီပြုတဲ့ ဆဝါးဗ်ချီးမြှင့်ခြင်းခံရမယ်၊ သူ့နောက် ဒုတိယရောက်လာသူကို ကျဲနွား ကုရ်ဟာနီပြုတဲ့ဆဝါးဗ်ရရှိမယ်၊ အားလုံးထက်နောက်ဆုံးမှရောက်လာတဲ့သူရဲ့ဥပမာ - ဥ လှူဒါန်း ခြင်းကုသိုလ်ရရှိတယ်၊

ဤဟဒီးဆ်တော်အရ သိရှိရတာက အကြွင်ပုဂ္ဂိုလ်က အလ္လာဟ်အရှင်ရဲ့အိဗာဒသ်အတွက် အချိန်များများကြီးပေးခဲ့ တယ်ဆိုရင် သူဟာ အလွန်ကြီးကျယ်တဲ့ကုရ်ဟာနီကို အလ္လာဟ် အရှင်မြတ်အတွက် ပြုလုပ်သူအဖြစ် သတ်မှတ်ခံရပါတယ်၊ အချိန်အနည်းငယ်ပေးသူကတော့ ကုရ်ဟာနီအနည်းငယ်ပြုသူပဲ၊ သဗ်လီးဂ်သမားတွေ အချိန်အများစုကို အလ္လာဟ့်လမ်းမှာပေးပြီး မြင့်မားတဲ့အဆင့်အတန်းကို ရယူသင့်ပါတယ်၊

၉၂၊ ယနေ့ခေတ်အခါမှာ သာသနာ့အကြောင်းတွေကတော့ ကျွန် တော်တို့နှုတ်ဖျားမှာ ရေပန်းစားနေတယ်၊ သာသနာ့သောက တော့ မရှိကြဘူး၊

ကျွန်ုပ်တို့အကြီးအကဲတွေရဲ့လမ်းစဉ်က ဖိက်ရေဒီးန် သာသနာ့သောကနဲ့ ဖိက်ရေဒီးန် သာသနာ့ဩဝါဒနစ်ရပ်စလုံးကို ပေါင်းစည်းထားတယ်၊

၉၃၊ နိုင်ငံတော်အကြီးအကဲတွေရဲ့ကားတန်းမဖြတ်သန်းမီအလျင် ကြိုတင်ပြင်ဆင် လမ်းကြောင်းရှင်းထားရတယ်၊

နစ်ဘာဝခေါင်းဆောင် ထွတ်ထိပ်ခေါင် တမန်တော်မြတ် ရဲ့လုပ်ငန်းစဉ်ကိုလောကတစ်ခွင် ပျံ့နှံ့စေချင်ရင်လောကီအလုပ် အရှုပ်ထုတ်ကို နေ့ရက်အနည်းငယ် ရှေ့တိုးနောက်ဆုတ်လုပ် လိုက်တာ၊ ချစ်တမန်တော်မြတ် ﷺ ရဲ့အလုပ်ကိုဦးစားပေးလိုက် ခြင်းဖြစ်သည်။ နစ်ဘာဝရဲ့ခေါင်းဆောင် တမန်တော်မြတ် ﷺ ရဲ့ အလုပ်ကိုဦးစားပေးလိုက်ခြင်းဖြစ်တယ်။ နစ်ဘာဝရဲ့ခေါင်းဆောင် တမန်တော်မြတ် ﷺ ကိုလက်တွေ့ကျကျ မိမိရဲ့လုပ်ရပ်နဲ့ ချစ်ခင်မှု ကို ဦးထိပ်ပန်ဆင်ပြခြင်းဖြစ်တယ်။

၉၄။ ဆရာတစ်ပါးက မိမိ၏တပည့်သုံးဦးအား အရည်အချင်းစစ် မေးခွန်းထုတ်ခဲ့၏။

အို....အလ္လာဟ်ရဲ့ကျေးကျွန်တို့၊ အသင်တို့ကောင်းကင် ပေါ်တက်ပြီး ငါ့အရှင့်ဆီလာကြ လို့ အလ္လာဟ်အရှင်ဆီက အသံ လာရင် အသင်တို့ ဘာလုပ်ကြမလဲ၊ ပြောစမ်း။ တပည့်တစ်ဦးက ရယ်ပြုံးပြုံး၍ "ဒီနေ့ ဆရာဘာဖြစ်နေလဲမသိ၊ မဖြစ်နိုင်တဲ့မေးခွန်း လာမေးနေပါလား၊ ဒုတိယတပည့်က တိတ်ဆိတ်နေတယ်။ တတိယတပည့်က ပြောသည်မှာ - "တကယ်လို့ ဒီလိုအသံသာ ကြားလိုက်ရမယ်ဆိုရင် ကျွန်တော့်လို အပြစ်နဲ့မကင်းတဲ့ ကျေးကျွန်ကို သတိတရရှိလှတဲ့အရှင်သခင်အား ဝမ်းသာအားရ ကျေးဇူးတွေတင်နေမိတယ်။ ချီးမွမ်းခန်းဖွင့်လိုက်မယ်။ ပြီးရင်

မြို့ထဲက အမြင့်တကာ့အမြင့်ဆုံး တိုက်ကိုရှာမယ်၊ အိမ်ရှင်ကို အနုးအညွတ်ခွင့်ပန်ပြီး အိမ်ခေါင်မိုးပေါ်တက်လိုက်မယ်၊ လက်နှစ်ဖက်မြှောက်ပြီး အလ္လာဟ်အရှင်ထံ ချီးမွမ်းခန်းဖွင့်လိုက်မယ်၊

"အို...အလ္လာဟ်၊ သန့်ပြန့်စင်ကြယ်မှုက အရှင့်အတွက်ပါပဲ၊ အားအင်ရှိသလောက် သတ္တိ၊ ဖွဲ့နဲ့ ဒီနေရာအထိတော့ ကျွန်တော်မျိုး ရောက်လာပါပြီ၊ ရှေ့ဆက် ကျွန်တော်မျိုး မစွမ်းနိုင်ပါ၊ အကယ်၍ အရှင့်ခေါ်ယူတော်မူမည်ဆိုလျှင် အရှင့်ထံ ရောက်ရှိနိုင်မယ့်နည်းကို အရှင် ဖန်တီးပေးသနားတော်မူပါ၊

ဆရာက ဒါကိုကြားပြီး မိမိတပည့်ကို ပြေးပြီးဖက်လိုက်တယ်၊ ဒုအာတွေပေးနေတယ်၊ ဆရာကပြောတယ်၊ အသင်က ငါ့ရဲ့တပည့်အစစ်ပဲ၊ မြင့်မြတ်တဲ့သူတော်စင် စာရင်းဝင်ဖို့ မုရှာဟဒ်ဖြစ်ဖို့ အသင့်မှာ အရည်အချင်းတွေကို တွေ့နေရတယ်၊

၎င်းအကြောင်းအရာကနေ သိရတာက ... ပထမတစ်ဦးက အစကတည်းက သာသနာအတွက် ဘာဖွဲ့သတ္တိမှ မရှိ၊ အခက်အခဲကို ရင်မဆိုင်ချင်၊ အခြားတစ်ဦးက အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသမျှ အားအင်ကို ချက်ခြင်းအသုံးချလိုက်တယ်၊ ပြီးမှ အလ္လာဟ်ဆီကနေ နောက်ထပ်ချီးမြှင့်မှုကို တောင်းခံတယ်၊

၉၅။ ထုံးတမ်းစဉ်လာ လုပ်ရိုးလုပ်စဉ် အကျင့်ဓလေ့တွေရဲ့ဆန့်ကျင်ဘက် ဘယ်အလုပ်မဆို လုပ်ဖို့ရာ ကြီးမားတဲ့ကြိုးပမ်းမှုကို လိုအပ်တယ်။ ကျားလိုရဲရင့်တဲ့သူပင်ဖြစ်ပါစေ။ မြစ်ထဲမှာ ရေဆန်ကိုကူးခတ်ချင်ရင်တော့ ရေစီးရဲ့လှိုင်းရိုက်ချက်မှာ မျက်နှာဆုတ်ချင်ဆုတ်သွားမယ်၊ လက်ပန်းကျရင် နစ်ပြီးမျောပါသွားမယ်။

ဒီလိုပဲ ယခုခေတ်အခါသမယမှာ ရှေးမုစ်လင်မ်တွေလိုသာသနာအတွက် အညှင်းပမ်းနိပ်စက်ခံရပေမယ့် သာသနာ့ပန်းကို လန်းဆန်းအောင်လုပ်ရတာ ပိုခက်ခဲလှပါတယ်။ အဲဒီအခက်အခဲကို သည်းခံတဲ့အပေါ် ကြီးကျယ်တဲ့အစားပေးခြင်းနဲ့ အကျိုးဆဝါးဗ်ရရှိပါတယ်။

နစ်ဘဝခေါင်းဆောင် တမန်တော်မြတ် ﷺ ရဲ့ဩဝါဒတော်မှာ

အကြြင်ပုဂ္ဂိုလ်တို့က အကြြင်လမ်းစဉ်ကို ထုံးစံအရ စွန့်လွှတ်ခဲ့ကြပြီး ၄င်းတို့က အမျိုးမျိုးအဖုံဖုံသော အခက်အခဲ၊ အကျပ်အတည်း (ရှုံ့ချပြစ်တင်ဝေဖန်မှုများ) ကို ကြံ့ကြံ့ခံရပ်တည်၍ လောက၌ ယင်းလမ်းစဉ်ကို တစ်ဖန်ပြန်လည် ထွန်းကားအောင် ဖြန့်ချိရန် ကြိုးစားကြမည်ဆိုလျှင် ထိုသူတို့ဟာ ရှဟီဒီသာသနာ့အာဇာနည်ဦးရေ ၁၀၀၏ အကျိုးဆဝါးဗ်ကို ရရှိကြမည်၊

၉၆။ အာလင်မ်များနှင့် သာသနာ့သူတော်စင်များကို ကုန်သည်ကြီး

များအသင်းနှင့် နှိုင်းယှဉ်သဘောပေါက်ထားရမည်။ အဝါးမွန်း နားစ် လူသာမာန်များက လက်ကားဒိုင်များနှင့် ပမာတူပါသည်။ ဥပမာ – လက်လီအရောင်းဆိုင်များသည် ကုန်သည်ကြီးများထံမှ လက္ကားယူကြသည်။ မဟုတ်တုံလော။ ဆိုင်ငယ်လေးများ၌ ထား ၍ရောင်းကြလေသည်။ အချို့က လမ်းကြိုလမ်းကြား ရပ်ကွက် များတွင် ခေါင်းရွက်ဖျက်ထိုး လှည့်လှည်ရောင်းချကြလေသည်။ ကုန်ပစ္စည်းကတော့ ကုန်သည် ကြီးများက အဝေးတစ်နေရာမှ သယ်ဆောင်လာသောကုန်ပစ္စည်းများပင်၊ ကုန်လှောင်ရုံများ၊ ဂိုဒေါင်များမှ ထွက်လာသော ပစ္စည်းများသာဖြစ်၏။

သဝ်လီးဂ်သမားတွေကလည်း သာသနာရဲ့အရေး ကြီးတဲ့ စကားတွေကို တာဝန်ခံ အိုလမာတွေ၊ အကြီးအကဲတွေ ဆီကနေ ယူလာတာပါ။ မတူညီ မကွဲပြားတဲ့ မကာမီအသီးသီးကို သွားရောက်ပြီး ဈေးတွေ၊ ရပ်ကွက်တွေထဲ ရောက်ရှိစေခဲ့တယ်။ အာခိရသ်ရဲ့စီးပွားရေးကို လုပ်ပြီး ကြီးကျယ်တဲ့အကျိုးအမြတ်ကို ရှာဖွေနေကြတယ်။

၉၇။ သူဆင်းရဲသားတစ်ဦးဟာ မိမိခရီးစဉ်မှာ (အလ္လာဟ်လုပ်တော်မမူ ပါနဲ့) မိသားစုဖြစ်စေ၊ မိဘဖြစ်စေ၊ တစ်ဦးတစ်ယောက် အလွန် အင်မတန် မမာမကျန်းဖြစ်တယ်လို့ သတင်းရလိုက်တယ်။ အဲဒီ အခါမှာ သူ့ကိုလည်း နေရပ်ဌာနီက အလွန်တမ်းတနေကြတယ်။

ဒါ့အပြင် ပြန်လာရန်မှာကြားနေကြတယ်။ သို့သော် သူက ဘာမှ မတတ်နိုင်ပါ။ ရွေးငှားရန်လည်းမဖြစ်နိုင်ပါ။ အဲဒီလိုအခြေအနေမျိုးမှ သူ့ကို တစ်ဦးတစ်ယောက်က အစအဆုံး ကူညီလိုက်တယ်ဆိုရင် ဒါဟာ ဘယ်လောက်ကြီးမားတဲ့ကျေးဇူးလည်းဆိုတာ စဉ်းစားကြည့်ပါ။ ဂျဟန္နမ်အပယ်ငရဲဘုံမလားရအောင် ကြိုးပမ်းပြီးတော့ ဂျန္နသ်ရဲ့လက်မှတ်ကို ရရှိရန် သဝ်လီးဂ်သာသနာပြုလုပ်ငန်းရဲ့ကြိုးပမ်းမှုလည်းဖြစ်ပါတယ်။ ဒါကြောင့် အလ္လာဟ်ဘက်ကနေ ဘယ်လိုနဲ့ ဘယ်လောက် အကျိုးကုသိုလ်ရမလဲဆိုတာ ခန့်မှန်း၍မရနိုင်ပါ။

၉၈။ နဗီဘွဲ့ရဲ့အခြေခံနှင့် စေလွှတ်ခြင်းခံရသော စေတမန်တော်များဟာ အလ္လာဟ်အရှင်မြတ်ရဲ့တရားလမ်းမှန်ပေါ်အခြေခံကြသော တမန်တော်များဖြစ်ကြပါတယ်။ သို့သော် ဘယ်နဗီမှလည်း မည်သူ့ကိုမှ ဟိဒါယသ်မပေးနိုင်ပါ။ ထိုနဗီများကို ချီးမြှင့်ခဲ့သော ဆုလာဘ်များမှာ သဝ်လီးဂ်၊ ဒအ်ဝသ်၊ မဲ့ဟ်နသ် စသည်တို့ဟာ ဟိဒါယသ်ရဖို့ရာကြိုးပမ်းခြင်းဖြစ်ပါတယ်။ အဲဒီအရာတွေမှာ နဗီတွေက တတ်စွမ်းနိုင်သမျှ မလျော့နည်းခဲ့ပေ။

တစ်စုံတစ်ယောက်ကို ဟိဒါယသ်ပေးတာ လမ်းမှန်ညွှန်ပြတာက အလ္လာဟ်လက်တော်မှာပဲရှိပါတယ်။ ကုရ်အာန်ကျမ်းမြတ်ဟာလည်း နဗီချုပ် ခေါင်းဆောင်ကို ဒီလိုပဲ မိန့်မှတ်တော်မူခဲ့တယ်။

အသင် တမန်တော်နှစ်လိုသူအား ဟိဒါယသ်ပေးနိုင်သည် မဟုတ်၊ အလ္လာဟ်အရှင် နှစ်လိုအားရသူကိုသာ အလ္လာဟ်အရှင် ဟိဒါယသ်ပေးတော်မူမည်။

ဤသည် သင်လီးဂ် အရောက်ပို့ဆောင်မှု သာသနာ့ ဖိတ်ခေါ်မှုအတွက် ကုရ်ဟာနီစတေးပြီး မဲ့ဟ်နသ်ကြိုးပမ်းလျက်ပါ။ ဟိဒါယသ်က အလ္လာဟ်လက်ထဲမှာ။ ပမာအားဖြင့် လူအားလုံးယုံကြည်သလိုရောဂါရဲ့ကောင်းခြင်းက အလ္လာဟ်အရှင်ရဲ့ရွေးချယ်မှု အပေါ် မူတည်တယ်၊ လူနာကို ပြုစုဖို့ သွားရောက်ကြည့်ရှုဖို့ စိတ်ပျော်စရာတွေ ပြောဖို့ဆိုဖို့ ဆေးဝါးကုသဖို့ ဒုအာတောင်းပေးဖို့ ဆေးတိုက်ဖို့ စတဲ့ ကြီးမြတ်တဲ့ ကုသိုလ်တွေရယူဖို့က ကျွန်ုပ်တို့ အလုပ်မဟုတ်ပါလား။

၉၉။ သင်လီးဂ်ရဲ့ကြိုးပမ်းမှုအစက သာသနာ့ကော်ဘက်ကို လက်တွဲ ခေါ်ရမယ်၊ ဒါပေမယ့် သင်လီးဂ်ရဲ့ကြိုးပမ်းမှုက တစ်စုံတစ်ယောက်ကို ဘယ်လောက် သာသနာနဲ့ မိတ်ဆက်ပေးနိုင်မလဲ၊ အဲဒါထက်ပိုပြီး သူ့ကို သာသနာ့အရေးကိစ္စမှာ ပူးပေါင်းဖို့ ဒါအီ ပြုလုပ်ဖို့အရေးကြီးတယ်၊

၁၀၀။ ညကျရင် ကိုယ့်အိမ်မှာကိုယ် အနားယူကြတယ်၊ မနက်ကျတော့ ဘာကြောင့်လည်းမသိ၊ ဒီအိမ်ကိုခွဲခွာပြီး အပြင်ထွက်သွားကြတယ်၊ အဖြေပေးကြတာက တစ်ချို့က ထောပတ်ယူဖို့သွားကြ

တယ်။ တစ်ချို့က နီ့သွားယူကြတာတဲ့။ အချို့က အသား၊ ဟင်းသီး
ဟင်းရွက်သွားရှာတာ၊ အချို့က အဝတ်အစား၊ ဆေးဝါး အချို့က
ပိုက်ဆံသွားရှာကြတာ၊

ပြီးတော့လည်း အဲဒါတွေကိုပဲယူပြီး ပြန်လာကြတယ်၊
ဒီလိုပဲ
သပ်လီးဂ်ရဲ့ကြွယ်ဝမှုကြောင့်
မိမိအိမ်မှာ အနားယူတာကိုစွန့်ပြီး
သာသနာ့ဖိတ်ခေါ်မှုနဲ့
နပူဝသ်ရဲ့ရည်ရွယ်ချက်အတွက်
အပြင်ကိုထွက်ကြရတယ်၊
အဲဒီကနေ
သာသနာ့အရှိန်တွေတက်လာပြီး
ယုံကြည်ချက်တွေ မြင့်မားလာတာ
အဖန်ဆင်းခံတွေကို အားမကိုးတော့ဘူး၊
အာခိရသ်ရဲ့သောက
ကုန်လွန်သက်တမ်း နမြေတာသမှုတွေ
ပြန်လည်ယူဆောင်လာကြတယ်၊
အိမ်ကနေ အပြင်ထွက်တာ
တစ်စုံတစ်ရာ ယူဆောင်လာဖို့ရာ၊

၁၀၁။ မက္ကာဟ်နဲ့ မဒီနဟ်ရဲ့ကောင်းမှုကုသိုလ်တိုင်းရဲ့တန်ဖိုးက သိန်းမက အဆပေါင်းမြောက်မြားစွာ ရရှိပါတယ်။ တစ်ဖန် နဗီတမန်တော်မြတ် ﷺ က မိမိရဲ့အချစ်တော် သာဝကများကို မက္ကာဟ်၊ မဒီနဟ်ကို စွန့်လွှတ်စေပြီး အပြင်သို့ ဘာကြောင့်စေလွှတ်ရတာလဲ။

မက္ကာဟ်၊ မဒီနဟ်မှာနေပြီး သိန်းသန်းမက ကုသိုလ်တွေ ယူဆောင်ကာ ဂျန္နသ်ကို တစ်ဦးတည်းသွားခြင်းကို စွန့်လွှတ်ခြင်း၊ နစ်ဘဝခေါင်းဆောင် တမန်တော်မြတ် ﷺ ရဲ့အွမ္မသ်သားတွေကို အလ္လာဟ်နဲ့ပိုမိုနီးကပ်စေခြင်း၊ အဆင့်အတန်းတွေမြင့်တင်ပေးဖို့ အတွက် အပြင်ကိုထုတ်ပေးခဲ့ခြင်းဖြစ်တယ်။

သဗ်လီးဂ်၊ ဒအ်ဝသ်နဲ့ ကုရ်ဗာနီကို အကြောင်းခံပြီး မရေမတွက်နိုင်သော လူသားများကို ခေါ်ဆောင်၍ ဂျန္နသ်သို့ လာရန် ဖြစ်ပါတယ်။

၁၀၂။ သဗ်လီးဂ်သမားတွေက တမန်တော်ရဲ့အကြောင်းကိုပြောတယ်။ တမန်တော်ရဲ့သောကကို ရင်ဝယ်ပိုက်တယ်။ အားလုံးထက်ပိုပြီး အလ္လာဟ်ကို ကျေနပ်အောင်လုပ်တယ်။ ရစူလေ့အတ်က်ရမ် ﷺ ရဲ့ ဝိညာဉ်တော်ကို အတိုင်းအဆမဲ့ ပျော်ရွှင်မှုတွေဖြစ်စေတယ်။

၁၀၃။ သာသနာတော်က ဩဘာသံတွေနဲ့ ပျံ့နှံ့ခဲ့တာမဟုတ်ဘူး။ သာသနာတော်က နာကျည်းသံတွေနဲ့ ကုရ်ဗာနီပေးပြီး ပျံ့နှံ့ခဲ့တာပါ။ ဒီဒုက္ခခံမှုကြောင့်ပဲ သာသနာတော်က တောက်ပလာခဲ့တာပါ။

၁၀၄။ နဗီတမန်တော်တွေရဲ့ကြိုးပမ်းမှုကွင်းပြင်၊ ချစ်ခင်မှုရဲ့သကာဇာ လိုအပ်ချက်၊ ဖန်ဆင်းခံတွေအပေါ် ထားတဲ့ နူးညံ့တဲ့ကရုဏာတရားထားခြင်းတို့ဟာ သဗ်လီးဂ်ဖြစ်ပါတယ်။

၁၀၅။ မုစ်လင်မ်တို့ရဲ့ရည်မှန်းချက်က ဘယ်လောက်အထိ မြင့်မားရမလဲဆိုရင် ကျွန်တော် တစ်ဦးတည်း ကမ္ဘာရဲ့အစွန်အဖျားထိတိုင်သွားရောက်ပြီး မြတ်နဗီ ﷺ ရဲ့အစီအစဉ်တွေကို အကောင်အထည်ဖော်မယ်၊ အခြားသူတွေကိုလည်း ဒီမြင့်မားတဲ့ရည်ရွယ်ချက်ဘက်ကို ဖိတ်ခေါ်မယ်၊ သူတို့က လက်ခံရင် သူတို့အကျိုးရှိမယ်၊ ငြင်းဆန်ရင်လည်း ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းပဲ အရှင့်အပေါ် ယုံပုံအားထားရင်းနဲ့ နဗီတမန်တော်မြတ် ﷺ ရဲ့အလုပ်ကို တာဝန်ကျေအောင် ဆောင်ရွက်မယ်၊

၁၀၆၊ သဗ်လီးဂ်လုပ်ငန်းမှာကြိုးပမ်းစဉ်ပုံမှန်လုပ်နေကျအိဗာဒသ်တွေက ရည်ရွယ်ချက်ရှိုးရှိုး၊ ရှိရှိသေသေ၊ လေးလေးစားစားနဲ့ တန်ဖိုးရှိလာတယ်၊ အိဗာဒသ်မှာ ပျော်မွေ့လာတယ်၊ လိုလားမှုအပြည့်နဲ့ လုပ်ကိုင်လာတယ်၊ အရှင့်ကို ချစ်စိတ်နဲ့ အိဗာဒသ်တွေကိုပြုလုပ်လာမယ်၊

၁၀၇၊ သဗ်လီးဂ်ရဲ့အရည်အချင်း (၆) ရပ်က ကိစ္စရပ်တိုင်းကိုဒီလိုဝန်းရံထားလိုက်တယ်၊ အရပ် (၆) ခြောက်မျက်နှာက လောကကိုဝန်းရံထားသလိုမျိုးပါပဲ၊ အဲဒီအရည်အချင်း (၆) ရပ်ရဲ့စည်းထဲ

ဘောင်ထဲမှာနေပြီး အလုပ်ကိုလုပ်ရင် မိမိအတွက်လည်း ကောင်းတယ်၊ သူတစ်ပါးအတွက်လည်း လွယ်လွယ်ကူကူနဲ့ အကျိုးဖြစ်ထွန်းမယ်၊

၁၀၈၊ မြတ်တမန်တော်ရဲ့အချစ်စိတ်ကိုလက်တွေ့ပြကာပြုလုပ်ရမှာက တမန်တော်ရဲ့အကြောင်းအရာတွေကို တင်ပြရင်းနဲ့ တမန်တော်ရဲ့သောကကိုလည်း ရယ်ဝယ်ပိုက်ထွေးကြိုးပမ်းပေးရမယ်၊ တမန်တော်မြတ် ﷺ ရဲ့စာရိတ္တနဲ့ တမန်တော်မြတ် ﷺ ရဲ့သောက ဒီနှစ်ခုကိုပေါင်းစပ်ကာပြသပါမှုပြည့်စုံစစ်မှန်တဲ့ ချစ်ခင်မှုဖြစ်၏၊

၁၀၉၊ ဒုအာတောင်းဆုပြည့်ဖို့ဆိုတာ ကြိုးပမ်းမှုမှာ အကြောင်းခံတယ်၊ အီလင်မ်အသိတရားက အမလ်အရှိတရားထက် မြင့်မြတ်ပါတယ်၊ ဘာကြောင့်ဆို အီလင်မ်ဆိုတာ အရှင်မြတ်ရဲ့ဆွေဖားသ် ဂုဏ်တော်တွေထဲက ဂုဏ်တော်တစ်ပါးဖြစ်တယ်၊ အမလ်က တော့ လူသားကျေးကျွန်တွေရဲ့ ကျွန်ပီသမှုအရည်အချင်းပဲ၊ အီလင်မ်ဆိုတာက အကြောင်းခံပါတယ်၊ အမလ်က ရည်ရွယ်ချက်ဖြစ်တယ်၊

၁၁၀၊ ကုရ်အာန်နဲ့ဟာဒီးဆ်မှာ ဒအ်ဝသ်ဆိုတဲ့စကားလုံးကို တစ်စုံတစ်ဦးအား ဖန်ဆင်းရှင်ဘက် အာရုံရောက်အောင်ပြုခြင်း၊ အာခိရသ်ရဲ့ သာသနာတော်ဘက်ကို ဖိတ်ခေါ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ထားတယ်၊ အခုတော့သာသနာ့ဖိတ်ခေါ်မှုကို စွန့်လွှတ်ပြီးဒီစကားလုံး

ကို စားဖို့သောက်ဖို့ ဖိတ်ခေါ်ခြင်းအတွက် သုံးစွဲလိုက်ကြတယ်။ အမှန်က စားဖို့သောက်ဖို့ခေါ်တာကို သွေယာဖသ် (ဧည့်ခံခြင်း) ဆိုတဲ့ စကားလုံး သတ်မှတ်အတည်ပြုပြီးဖြစ်တယ်။ သွိုင်ဖ်ဆို တာ ဧည့်သည်ကိုခေါ်တယ်၊ သွေယာဖသ်က ဧည့်ဝတ်ကျေခြင်း၊ ဧည့်ခံခြင်းပေါ့။

၁၁၁။ အကြွင်သူမှာ အိမ်သူအိမ်သားတွေက များပြားမယ်၊ ရက်ရောတဲ့ စိတ်ဓာတ်လည်းရှိမယ်ဆိုရင် သူ့လိုလူမျိုးကို ပေးကမ်းချင်သူ သူတွေက အိမ်သူအိမ်သားများ များပြားမှုကို ထောက်ထားပြီး အခြားသူတွေထက် ပိုပေးမှာပေါ့။ ဒီလိုပဲ အကြွင်သူရဲ့ဂျဖ်ဗဟ် စိတ်ဓာတ်က အိလင်မ်နဲ့အမလ်တက်ကြွနေမယ်၊ ပြီးတော့သူက လူ့ပေါင်းထောင်သောင်းသိန်းသန်းအတွက် ဒီးန်ရောက်ရှိရေး သောကထားမယ်။ အလ္လာဟ်အရှင်မြတ်က ထိုပုဂ္ဂိုလ်သောက ထားတဲ့ လူအားကိုးကို ထောက်ထားပြီး မိမိရဲ့ကရုဏာတော်နဲ့ အားလုံးရဲ့အကျိုးကုသိုလ်ဝေစုကို သူ့အား ချီးမြှင့်မှာဖြစ်တယ်။

၁၁၂။ သင်လီးဂ်မှာ သုံးစွဲလှူဒါန်းမှုကမရှိ၊ ထိခိုက်နာကျင်မှုကမရှိ၊ ဒုက္ခ ဆိုတာ မရှိတယ်လို့ထင်မိရင် မှားမယ်၊ အရာရာတိုင်းမှာ မနှစ်မြို့ မှုရဲ့နောက် ဘာရလို့လဲ၊ မိမိကိုယ်မိမိ ပြုပြင်မှု အောင်မြင်မှုမှာ အခြားသူတွေကလည်းအကျိုးရှိသွားတာက သင်လီးဂ်လုပ်ငန်း၊ အားလုံးထက်ပိုမိုကောင်းမွန်တဲ့အရာက အလ္လာဟ်ရဲ့ရေသွာ

နစ်သက်လက်ခံမှုပဲ မဟုတ်လား။ ဒီအလုပ်မှာ ဒါကိုသာ ရှာရ တယ်။

၁၁၃။ သဗ်လီးဂ်လုပ်ငန်းစဉ်မှာ ဦးစွာပထမ မိမိရဲ့အတွေးအခေါ်တွေကို ရှင်းပစ်လိုက်ရတယ်။ အဲဒီနောက် မိမိရဲ့ရည်ရွယ်ချက်၊ မိမိအမြင်၊ မိမိကိုယ်မိမိ ယုံကြည်မှု၊ မိမိစိတ်ရဲ့အကြိုက် အစရှိတဲ့ မကောင်း တဲ့ကိုယ်ရည်ကိုယ်သွေးတွေက တဖြည်းဖြည်းချင်း ပပျောက် သွားမယ်။

၁၁၄။ မြတ်နဗီ တမန်တော်မြတ် ﷺ က ဒီလို လိုလားပါတယ်။ အကြင် ဆွဟာဗဟ်က ငါ့အတွက်ဖြစ်မယ်ဆိုရင် ငါတမန်တော်ရဲ့လုပ်ငန်း မှာလည်း ငါနဲ့အတူ လက်တွဲရမယ်။

၁၁၅။ ဒုအာမှာ စူးရှအကျိုးသက်ရောက်လာခြင်းက ဒအ်ဝသ်ကြောင့် ဖြစ်တယ်။ ဒအ်ဝသ်မှာ အင်အားရှိလာဖို့အတွက် ဒုအာတောင်း ဆုပြုပြီးသကာလ တကိုယ်ရေတကာယ ထိုင်ကာ မိမိကိုယ်ကို ထိုသို့ အရည်အချင်းရအောင် ပုံပြင်ဆိုဆုံးမပါ။

၁၁၆။ သဗ်လီးဂ်ရဲ့အလုပ်ကို ဟာစ်က်မသ်၊ အမြော်အမြင်နဲ့ လုပ်ရမယ်။ ဟူကူမသ် (နိုင်ထက်စီးနင်း အုပ်ချုပ်တဲ့) ပုံစံနဲ့ မလုပ်ရဘူး။

၁၁၇။ ဂုနဟ် ဒုစရိုက်ဟူသည် ရောဂါဖြစ်၏။ ဒုစရိုက်သမားသည် ရောဂါ သည်ဖြစ်၏။ ရောဂါကို ရွံမုန်းတီးရမည် ။ ရောဂါသည်ကို မမုန်း တီးရ။

၁၁၈။ ဒီအလုပ်က ချစ်ခင်နှစ်သက်ဖို့ ကောင်းလှတယ်။ အဆင့်အတန်း ဤမျှမြင့်မားတယ်၊ ဘယ်လောက် ဒီအလုပ်မှာ ဇောက်ချမလဲ၊ အဲဒီပုဂ္ဂိုလ်ကို ဒီအလုပ်က အဲဒီလောက် လမ်းဖွင့်ပေးမယ်၊

၁၁၉၊ သင်လီးဂ်မှာ လူဟောင်းဆိုတာရဲ့လက္ခဏာက ဘယ်အချိန်မှာ သင်လီးဂ်ရဲ့လိုအပ်ချက် သူ့ရှေ့ရောက်လာမလဲ၊ သူက အဲဒီ သက်ာဇာမှာ ပါဝင်ပြီး ဖြည့်ဆည်းပေးလိုက်မယ်၊ သူ့အလုပ်တွေ အားလုံးကို စွန့်လွှတ်ပြီး ဒီသကာဇာကို ရှေ့တန်းတင်လိုက်မယ်၊

၁၂၀၊ မိမိကိုယ်မိမိ ဇိကိရ်တသသူလို့ မအောက်မေ့ဘဲ အလ္လာဟ်အရှင် ရဲ့ဇိကိရ်ကို ကောင်းစွာပြုလုပ်ခြင်းက ပြည့်စုံသောစံချိန်မှီ ကျွန် ပီသမှုဖြစ်တယ်၊ ထိုနည်းတူစွာ မိမိကိုယ်မိမိ ပညာရှင်ဟူ၍ မထင် မြင်မယူဆခဲ့လျှင် ၎င်း၏ပညာသည် အဆင့်မြင့်စံချိန်မှီ၏၊

သင်လီးဂ်မှာလည်း ကျိုလ္လာဟ်တွေများစွာ သွားခဲ့ပေ မယ့် နည်းသေးတယ်လို့ပဲထင်မှတ်ထားရမယ်၊ မိမိအတွက် မဂ်ဖိရသ်ရရန် အကြောင်းခံဖြစ်တယ်၊ အလုပ်ဖြစ်နေတာကို ဂုဏ်ယူမယ့်အစား ကျိုးနွံရပေမည်၊ ကျွန်ုပ်တို့အားလုံးကို ကျေးဇူး သိတတ်မှုကို ချီးမြှင့်ပေးသနားတော်မူပါစေ၊

၁၂၁၊ အစွလာမ့်သင်ခန်းစာမှာ မတန်တဆ အတိုင်းထက်အလွန် စိတ်ကိုကျဉ်းကြပ်အောင်လုပ်ဖို့ မသင်ပေးထားဘူး၊ အလိုဆန္ဒ များကိုလည်း အဆုံးသတ်မစီရင်ရပါဘူး၊ ဒ့ါအပြင် ယင်းအလို

ဆန္ဒများကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နဲ့ ကိုက်ညီအောင်သာ မွေးမြူရပေမည်၊ နေ့ရက်အနည်းငယ်အပင်ပန်းခံပြီး မျှော်လင့်ချက်ရင်ဝယ်ပိုက်လျက် မိမိရဲ့စိတ်ကူးယဉ် အတွေးအခေါ်များကို အဆုံးသတ်ကာ ဦးဆောင်သူရဲ့လက်အောက်ခံအဖြစ် နေပြီး အချိန်ကို သုံးစွဲခဲ့လျှင် ထိုအခါမှာ မိမိကိုယ်ကို မိမိထိန်းသိမ်းစောင့်ရှောက်ဖို့ရာ လွယ်ကူသွားပေမည်၊

၁၂၂၊ သစ်လီးဂ်အလုပ်က နဗီများရဲ့ကိုယ်စားပြု အလုပ်ဖြစ်ပါတယ်၊ သို့သော် အလုပ်ကို မိမိအနေနဲ့ ကိုယ်စားလှယ်အဖြစ် မထင်မှတ်ပါနဲ့၊ သာမက ပြုစုစောင့်ရှောက်အသုံးတော်ခံ ကျေးကျွန်လို့ နားလည်သဘောပေါက်ထားပြီး သခင်၏အလုပ်ကို ပြီးပြည့်စုံအောင် လုပ်ရပါမယ်၊

၁၂၃၊ ဒါအီသည် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရေပြင်ထဲ ငါးကဲ့သို့ ဘက်စုံသွားလာလှုပ်ရှားနိုင်ရမည်၊

၁၂၄၊ ကိုယ်တိုင် ရောဂါသည်ဖြစ်နေလျှင် အခြားရောဂါသည်ကို ကုသဖို့အတွက် ဘယ်လိုနည်းနဲ့ ပြောဆိုပါ့မလဲ၊

အဖြေမှာ - ရောဂါသည်ကလည်း ရောဂါသည်ကို အကြံကောင်းဉာဏ်ကောင်းပေးလို့ရပါတယ်၊ ဥပမာဆိုရသော် အကျွန်ပ်ရောဂါသည်ကို အကျွန်ပ်ကုရန် ဆန္ဒပြုလိုက်ပါပြီ၊ အသင်လည်း ဆန္ဒပြုပါ၊ ဆန္ဒတူလာတဲ့နောက်တော့ ကုသဖို့အတွက် ပြိုင်တူ

သွားကြစို့၊ အလ္လာဟ်အရှင်မြတ်က နှစ်ဦးစလုံးကို ဝေဒနာမှ ချမ်းသာပေးသနားတော်မူပါစေ၊

၁၂၅၊ ဟဇ်ရသ် မော်လာနာ ဒိလ်ယားစ် (ရဟ) သခင်က အမိန့်ရှိခဲ့သည်မှာ - တစ်စုံတစ်ရာ မကောင်းမှုကို မှစ်လင်မ်တစ်ဦးတစ်ယောက်ထံ တွေ့မြင်ရပါမူ ထိုအခါ ကျွန်ုပ်မှာက ထိုသူထက်သာပို၍ ရှိသည်ဟုထင်မှတ်ရမည်၊ ထိုသူရဲပြုပြင်မှုကို မိမိရဲ့တာဝန်ဖြစ်တယ်ဟု သိထားရမယ်၊ သနားညှာတာ၍ သောကထားပြီးငင်းကို ကဲ့ရဲ့ပြစ်တင်ရှုံ့ချခြင်းနှင့် မျက်နှာလွှဲခြင်းတို့သည် ဟရာမ်ဖြစ်၏၊

၁၂၆၊ သာသနာကို အထောက်အကူဖြစ်ပေမယ့် လောကရဲ့မည်သည့်အလုပ်မဆို ယင်းလုပ်ငန်းသည်လည်း သာသနာ့အလုပ်တွင်ပါဝင်ပေသည်၊

၁၂၇၊ အလ္လာဟ်ရဲ့မည်သည့်ကျွန်မဆို အပြစ်မထိုက်ရလေအောင်ယင်း၏ရည်ရွယ်ချက်ဖြင့် မိမိဥစ္စာပစ္စည်းကို မိမိကိုယ်တိုင်တာဝန်ယူစောင့်ရှောက်ရပေမည်၊ ထိုသို့ဆိုလျှင် ကုသိုလ်ရရှိပေမည်၊ ဥစ္စာလည်းကာကွယ်စောင့်ရှောက်မှုရရှိမည်၊ ဤသည်သဗ်လီးဂ်လုပ်ငန်း၏စိတ်အား ထက်သန်မှုဖြစ်သည်၊

၁၂၈၊ ကောင်းမှုကို စောင်မခြင်းဟာကောင်းမှုဖြစ်တယ်၊ မကောင်းမှုကို ကူညီခြင်းဟာ မကောင်းမှုဖြစ်တယ်၊ အုပ်ချုပ်မင်းတိုင်းရဲ့တရား

ဥပဒေမှာ မကောင်းမှုကိုကူညီခြင်းဟာ မကောင်းမှုလို့ သတ်မှတ်ထားပါတယ်။ စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ဥပဒေသည်လည်း ထိုအတိုင်းပဲဖြစ်တယ်။

ထို့ကြောင့် အလ္လာဟ်က ကျေးကျွန်ဗန္ဒာဟ်များကို ကောင်းမှုကို ဆောက်တည်ပြီး ကောင်းမှုကို စောင်မနိုင်စွမ်းပေးခြင်းနှင့် မကောင်းမှုမှ ရှောင်ကြဉ်စေပြီး မကောင်းမှုအစုစုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်နိုင်စွမ်း ပေးသနားတော်မူပါစေ။ (အာမီးန်)

☆☆☆

